မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှေးဘေားဘိုးဘီဘင်တို့၏ ကျေးဇူး

ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာ အတူတကွ နေထိုင်နိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည်သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း တည်းဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံအရင်းတည်လျက် အမြော်အမြင်ကြီးမားစွာ ပေါင်းစည်းယှက်နွှယ်နေထိုင်ခဲ့ကြသည့် ရှေးဘေားဘိုးဘီဘင် အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

လာအိုနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG-AKHOM ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG-AKHOM ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG-AKHOM အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Dr. Phouthong SENG-AKHOM ဦးဆောင်သော အားကစားကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

8-2 (01).pmd 1 2/8/2010, 1:51 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၈ရက်)

ပြည်ထောင်စုတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့် အန္တရာယ်ရန်စွယ်မှန်သမျှ တွန်းလှန်ဖယ်ရှား

မြန်မာနိုင်ငံသည် ရှည်လျားသော သမိုင်းတစ်လျှောက်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ရပ်တည်ခဲ့သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများသည် ပြည်ထောင်စုကြီးအတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် တစည်းတလုံးတည်း စုပေါင်းနေထိုင်ခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့လက်သစ်များသည် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ၎င်းတို့၏ ဩဇာခံနိုင်ငံဖြစ်လာရန် ဖိအားပေးအကျပ်ကိုင်ခြင်း စသည့် ကိုလိုနီလက်သစ်နည်းများကို အသုံးပြုလျက် အခြားနိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးလေ့ရှိသည်။

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၁၀၀ကျော် သူ့ကျွန်ဘဝ၌ ကျရောက်ခဲ့ရပြီး နိုင်ငံ၏ သဘာဝသယံဇာတမျိုးစုံကို လက်ဝါးကြီးအုပ် ထုတ်ယူသုံးစွဲခြင်း ခံခဲ့ရပေသည်။ မြန်မာနိုင်ငံ၏ အဆီအနှစ်၊ အညွှန့်အဖူးများကို ခူးစားခံခဲ့ရပေသည်။

မြန်မာတိုင်းရင်းသားများသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အတူတကွယူမည်ဟူသော တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြန်လည်ယူခဲ့ရသည်။

ယနေ့ကမ္ဘာ့နိုင်ငံများသည် နိုင်ငံတစ်ခုနှင့်တစ်ခု သမိုင်းကြောင်း အာဃာတများ၊ အတ္တစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ လူတန်းစားစွဲ စသည့်အစွဲကြီးမားမှုများ၊ အင်အားကြီးသူက အင်အားနည်းသူကို အင်အားသုံးအနိုင်ကျင့်၍ ပျက်စီးစေလိုမှုများဖြင့် မတရားမကောင်းကြံ၍ ပျက်စီးမှုများကို ပြုနေကြပေသည်။

ယင်းသို့သော အခြေအနေမျိုးတွင် သွေးခွဲမကောင်းကြံ ခလောက်ဆန် အကောက်ကြံမှုများကို နားမယောင်ဘဲ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်ကြရမည်ဖြစ်သည်။

နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည် တစည်းတလုံးနှင့် ညီညွတ်စွာ လက်တွဲနေထိုင်သွားပါက မည်သည့်အန္တရာယ် ရန်စွယ်ကိုမဆို တွန်းလှန်ဖယ်ရှားနိုင်မည်ဖြစ်ပါကြောင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုကာလ၌ ရေးသားဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၈-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနှာဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	မြန်မာစာ မြန်မာစကား
၄း၃၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၅း၂၀	၇။	စိုက်ပျိုးသုတ
၅း၃၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လှုပ်တစ်ပြက်
၆း၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of The Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၁၀)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကျောက်ဆည်စက်ရုံနယ်မြေများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၅ရက် မွန်းလွဲ ၁နာရီခွဲက မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်သည့် ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းများ၊ စတီးလ်ပိုက်ဌာန၌ ဆေးရုံသုံးပစ္စည်းများ ထုတ်လုပ်မှု အပါအဝင် စက်ရုံလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည် စက်ရုံများနယ်မြေ၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက တည်ဆောက်နေသော တစ်နေ့တန် ၁၅၀ကျ မှန်စက်ရုံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စက်ရုံမှူးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရည်ရွယ်တည်ဆောက်

အဆိုပါ မှန်စက်ရုံစီမံကိန်းကို ပြည်တွင်းမှ သယံဇာတကုန်ကြမ်းပစ္စည်းများဖြင့် အဆင့်မြင့်မှန်များ ထုတ်လုပ်သွားရန်၊ နိုင်ငံခြားငွေ ချွေးခြံချွေတာသက်သာစေရန်နှင့် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်ပြီး စက်ရုံမှ အရောင်မှန်၊ မှန်အကြည်လွှာထပ်မှန်၊ လုံခြုံရေးမှန်နှင့် အန္တရာယ်ကင်းမှန်စသည့် မှန်အထူအပါး၊ အရွယ်အစားအမျိုးမျိုး ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လျှပ်စစ်(၂)ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်အား ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ HYOSUNG Corporation မှ Sale Manager Mr. Jong Woo Lee ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂ရက်က နေပြည်တော်ရှိ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ကုမ္ပဏီမှထုတ်လုပ်သည့် High Voltage Power Transformer, Shunt Reactor ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေယာရှုခင်းအလှ

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်အနီးတွင် စိုက်ပျိုးထားသော ပန်းနှမ်းပင်များ ဆေးဖျန်းခြင်း၊ မြေယာရှုခင်းအလှများ ပြုပြင်ခြင်းနှင့် ပေါင်းနုတ်ခြင်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အထက(၂) မရမ်းကုန်း (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အထက(၂)မရမ်းကုန်း ယခင် စိန့်ဂျွန်(စ်)အကယ်ဒမီ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)နှင့်အထက် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဒေါ်ခင်မြတ်သူ ဖုန်း- ၀၉-၈၀-၂၅၁၉၉၊ ဒုတိယဗိုလ်မှူးကြီး တင်မြင့်သိန်း ဖုန်း- ၀၉-၅၀-၃၈၃၅၇၊ ဗိုလ်ကြီး အေးချစ်(ငြိမ်း) ဖုန်း-၀၉-၅၁-၃၇၃၀၀၊ ဗိုလ်မှူး ဉာဏ်ဝင်းမောင် ဖုန်း-၀၉-၅၀-၆၉၆၇၃၊ ဦးစည်သူလွင် ဖုန်း-၀၉-၅၀-၀၀၃၈၂၊ ဦးအောင်ကိုကို ဖုန်း-၀၉-၅၁-၇၀၅၇၈၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်နီနီ(အထက ၂၊ မရမ်းကုန်း) ဖုန်း-၆၆၂၀၇၈၊ ဦးသောင်းအေး ဖုန်း-၀၉-၅၁-၅၁၈၀၇၊ ဦးသောင်းဟန် ဖုန်း-၆၅၀၄၂၇၊ ကိုဝင်းလှိုင် ဖုန်း-၆၅၀၀၆၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အခြေခံ/အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းသား သင်တန်းသူများ၏ အာစရိယ ပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပထမအကြိမ် အခြေခံ/အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (အမှတ်စဉ် ၁ မှ ယခုတက်ရောက်နေသော အမှတ်စဉ် ၂၃ အထိ) သင်တန်းသား သင်တန်းသူများ၏ စုပေါင်းအာစရိယပူဇော်ပွဲနှင့် သင်တန်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြား ဘာသာဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် မတ် ၂၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟော်သဓာခန်းမ(သင်တန်းခန်းမ)၌ ကျင်းပမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူများ အားလုံးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်ရန် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ဗားကရာကျောင်းတိုက် ဦးဝိစာရလမ်းသို့ လာရောက်ကြရန်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ကိုနိုင်ဝင်း ဖုန်း-၀၉-၅၁၅၆၂၂၉၊ ကိုအောင်နိုင် (အဆိုတော်) ဖုန်း-၀၉-၅၅-၀၅၅၀၅၊ ကိုအောင်လင်း ဖုန်း-၀၉-၅၀-၁၈၀၉၀၊ ကိုကျော်မိုးခိုင် ဖုန်း-၀၉-၅၀-၄၀၇၄၉၊ မနီနီဆွေ ဖုန်း-၀၉-၅၁-၀၈၇၈၂၊ ဒေါက်တာနုမြတ်သီဂီဦး ဖုန်း-၀၉-၅၁-၇၁၇၀၉နှင့် ဒေါက်တာသန်းထက်ပိုင် ဖုန်း-၀၉-၅၁-၃၀၁၉၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး အသေးစိတ် အစီအစဉ်များကို သတင်းစာ၊ ဂျာနယ်နှင့် mofabds @gmail.com နှင့် facebook.com များတွင် အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)



(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ပေါင်းရပ်ကွက် ဘုရားကြီးလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ ဖော်ဆောင်လျက်ရှိ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော သိပ္ပံနှင့် နည်းပညာများလေ့လာ

အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်စေရေး လေ့ကျင့်ပျိုးထောင်

နေပြည်တော် ဖေဖော်ဝါရီ ၇

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင်၊ မန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတရားသူကြီးချုပ်ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့်ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက အမှာစကားပြောကြားရာ၌ ယနေ့မျက်မှောက်ကာလကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအလိုက် လိုက်လျောညီထွေရှိမည့် အမျိုးသားရေးလမ်းကြောင်းများကို ရွေးချယ်ချမှတ်ပြီး ကဏ္ဍအသီးသီးတွင် အရှိန်အဟုန်နှင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြရာ ခေတ်မီနည်းပညာများ ပိုင်ဆိုင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားသည့် ပညာတတ် လူ့စွမ်းအား အရင်းအမြစ်များလုံလောက်စွာ ပြုစုပျိုးထောင်နိုင်မှုသည် အဓိကလိုအပ်ချက် တစ်ရပ်အဖြစ် သိမြင်ခံယူပြီး ကြိုးပမ်းလျက်ရှိကြောင်း။

အကောင်အထည်ဖော်

ထို့ကြောင့် "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်" ဆိုသည့် မြန်မာ့ပညာရေး မျှော်မှန်းချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀)နှစ်ရှည်စီမံကိန်းကို အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍနှစ်ရပ်လုံး၌ လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အနေဖြင့် ခေတ်မီသတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများအသုံးပြုကာ မျက်မှောက်ကာလတွင် အရှိန်အဟုန်နှင့်ဖွံ့ဖြိုးတိုးတက်လျက်ရှိသော သိပ္ပံနှင့်နည်းပညာများကို လေ့လာပြီး ဘာသာရပ်အလိုက် စွမ်းဆောင်ရည်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေး ကြိုးပမ်းနေကြရမှာဖြစ်ကြောင်း၊ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများနှင့်အတူ ရင်ပေါင်တန်းလိုက်ပါနိုင်စေရေးအတွက် မိမိတို့၏ တပည့်များကိုပါ နိုင်ငံတကာအဆင့်မီ အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်မှုများ ဖော်ဆောင်ပေးကြရမည့် အချိန်ကာလဖြစ်ကြောင်း။

လက်တွေ့အသုံးချ

ပညာရေးကိုအခြေခံသည့် အနာဂတ်ကာလ လူ့အဖွဲ့အစည်းတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းဆောင်မှုများကသာ ၂၁ရာစု စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ရာ အဆင့်မြင့်ပညာကဏ္ဍတွင် တာဝန်ယူနေကြသော ဆရာ ဆရာမများအနေဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်များပီပီ ပညာရပ်ဆိုင်ရာ သုတေသနပြုစူးစမ်းရှာဖွေမှုရလဒ်များကို အသုံးချကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း၊ ပညာရှင်များအနေဖြင့် သက်ဆိုင်ရာ ပညာရပ်အလိုက် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ လေ့လာတတ်မြောက်ကျွမ်းကျင်ရေးကြိုးပမ်းရမှာ ဖြစ်သကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် လိုက်လျောညီထွေသည့် လက်တွေ့အသုံးချ ပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်သွားကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် နည်းပညာရပ်ဆိုင်ရာများကို တတ်သိနားလည်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ပေါ်လာစေရေး အတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေစေရေး၊ အခြေခံပညာအဆင့်လိုက် သင်ယူပြီးမြောက်စေရေး၊ ကျောင်းပညာပြီးဆုံးအောင်၊ ကျောင်းနေမှန်၊ ကျောင်းနေမြဲစေရေးဆိုသည့် အခြေခံပညာကဏ္ဍ ပညာရေး အစီအစဉ်များကို ဖော်ဆောင်ပေးခြင်း၊ အခြေခံပညာပြီးဆုံးသူများ အဆင့်မြင့်ပညာများကို လွယ်ကူစွာ ဆက်လက်သင်ယူနိုင်စေရန် ဒေသအလိုက် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပေးခြင်းဖြင့် နိုင်ငံ့အကျိုးပြု ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးတို့ကို မျှော်မှန်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စနစ်တကျဖော်ထုတ်

ယခုကဲ့သို့ မိမိတို့နိုင်ငံ၏ သဘာဝသယံဇာတအရင်းအမြစ်များကို ခေတ်မီနည်းပညာရပ်များဖြင့် စနစ်တကျဖော်ထုတ်အသုံးချနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များကို အဆင့်မြင့်ပညာကဏ္ဍက ပြုစုပျိုးထောင်နိုင်သည်နှင့်အမျှ နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ထူထောင်နိုင်မည်ဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ အပါအဝင် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်-

- လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍ။
- နည်းပညာ အသုံးပြုမှုဆိုင်ရာကဏ္ဍ။
- သုတေသန လုပ်ငန်းဆိုင်ရာကဏ္ဍ။
- စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍ။
- ပညာရည် အဆင့်မြင့်တင်မှုဆိုင်ရာကဏ္ဍ။
- အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ကဏ္ဍ ဆိုသည့် ကဏ္ဍ(၆)ရပ် ပိုင်းခြားပြီး စနစ်တကျချမှတ်ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးလုပ်ငန်းတာဝန်များ၊ ပညာရေးစီမံခန့်ခွဲမှု တာဝန်များနှင့် မိမိတို့၏ ပညာရပ်အလိုက် သုတေသနလုပ်ငန်းများ ဖော်ဆောင်ရာတွင် အမျိုးသားပညာရည်မြင့်မားရေး အဆင့်မြင့်ပညာကဏ္ဍမျှော်မှန်းချက်များနှင့်အညီ ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် -

- **အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ခေတ်မီနည်းပညာများကို အသုံးပြုပြီး ဘာသာရပ်အလိုက် စွမ်းဆောင်ရည်မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် စဉ်ဆက်မပြတ်လေ့လာ ဆည်းပူးသွားကြရန်။**
- **မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် လိုက်လျောညီထွေသည့် လက်တွေ့အသုံးချပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်သွားကြရန်။**
- **အမျိုးသားရေး အသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များနှင့်အတူ ထူးချွန်ထက်မြက်သော လူ့စွမ်းအား အရင်းအမြစ်များအဖြစ် မိမိတို့ကိုယ်တိုင်ရော၊ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကိုပါ လေ့ကျင့်ပျိုးထောင်ခြင်းဖြင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်သွားကြရန်**

တိုက်တွန်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက သင်တန်းသား စံပြဆုရ ကျောင်းသား အမှတ်(ဒီ-၈၈) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင် ဦးစီးဌာနမှ ကထိက ဦးဆန်းလွင်မိုး၊ သင်တန်းသူ စံပြဆုရ ကျောင်းသား အမှတ်(ဘီ-၉၂) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(မုံရွာ)မှ နည်းပြ ဒေါ်ဝါဝါ၊ သင်တန်းသား ဖွဲ့လုံ့လဆုရ ကျောင်းသား အမှတ်(ဒီ-၇၃) စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)မှ လက်ထောက်ကထိက ဦးစောထွန်းအောင်နှင့် သင်တန်းသူ ဖွဲ့လုံ့လဆုရ ကျောင်းသား အမှတ်(အေ-၈၈) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ခင်မမသိန်း တို့အားလည်းကောင်း၊ စံပြအဆောင်ဆု ရရှိကြသည့် အမျိုးသားတပ်ခွဲ(၁) အဆောင် (၄)၊ အမျိုးသမီးတပ်ခွဲ(၁) အဆောင် (၆)တို့မှ သင်တန်း ခေါင်းဆောင်များအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်များအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကာ သင်တန်းဆင်း တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းကို အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၈၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သင်တန်းသား စံပြဆုရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင် ဦးစီးဌာနမှ ကထိက ဦးဆန်းလွင်မိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**စေတနာသုံးတန်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၅)
၈:၃၀	Premier League Highlight
၈:၅၅	Activities in the City ရှမဝဦးကျော် နှစ်(၁၀၀)ပြည့် ပန်းချီပြပွဲ
၉:၁၅	မြို့ပြမြစ်ဘေးကသူ
၉:၃၀	Global Panorama
၁၀:၃၀	၂၀၀၉-၂၀၁၀ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
၁၀:၅၅	International Show Biz
၁၁:၁၅	လေ့လာမှတ်သားစရာ တိုင်းရင်းဆေးကုထုံးနည်းအဖြာဖြာ (အပ်စိုက်၊ ကြပ်ထုပ်၊ပဉ္စကမ္မကုထုံး)
၁၁:၄၀	အဆင်းရောအချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
၁၂:၀၅	စာအုပ်ပြခန်း (စာအုပ်ကမ္ဘာရေးသားသူ ဆရာဖေမြင့်နှင့် တွေ့ဆုံခြင်း)
၁၂:၃၀	Activities in the City (ရှစ်မျက်နှာရွှေရင်အေးစေတီတော် ရွှေထီးတော်တင်မင်္ဂလာ)
၁၂:၄၅	ပြည်ထောင်စုတေးအစီအစဉ်
၁:၀၀	**စေတနာသုံးတန်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	ဘဝများ ဖေယျာ(Uranium Dancer Performed)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၅)
၄:၀၀	Activities in the City ရှမဝဦးကျော် နှစ်(၁၀၀)ပြည့် ပန်းချီပြပွဲ
၄:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၄:၅၀	မြို့ပြမြစ်ဘေးကသူ
၅:၁၀	၂၀၀၉-၂၀၁၀ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
၅:၃၀	Activities in the City (ရှစ်မျက်နှာရွှေရင်အေးစေတီတော် ရွှေထီးတော်တင်မင်္ဂလာ)
၅:၄၀	အနုပညာမိုးကောင်းကင်
၆:၀၀	MRTV-4 သတင်း
၆:၂၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၆:၅၀	International Show Biz
၇:၀၅	၂၀၀၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၈:၀၀	MRTV-4 သတင်း
၈:၃၅	ဘဝများ ဖေယျာ(Uranium Dancer Performed)
၉:၀၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၅)
၁၀:၀၀	၂၀၀၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၁၀:၅၅	Music Talk (သီတာရတနာ)
၁၁:၀၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
၁၁:၃၀	ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးကာစိုက်ပျိုးပါ
၁၁:၅၅	**ကျန်ရစ်ခဲ့သော ခြင်ထောင်လေး တစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-အကယ်ဒမီ ဆွေဇင်ထိုက်)
၁၂:၀၅	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁၂:၁၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၉-၂-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅	တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	ပြောပါရစေရှင် (ကမ္ဘာ့တည်သရွေ့)
၈:၄၀	တေးပဒေသာ
၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	မွေးနေ့လက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၀:၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးရံ့ပတူရွက်သုပ်+ ငံပြာရည်ကြော်နဲ့ဒန့်သလွန်သီး ငါးရံ့ချဉ်ရည်)
၁၀:၅၅	တေးသီချင်း
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅	Talk on Line (Bambino)
၁၁:၅၀	တေးပဒေသာ
၁၂:၀၀	စံတော်ချိန်တေးပဒေသာ
၁၂:၄၀	ပြုံးပဒေသာ (ဟာသကမ္ဘာ-၆)
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	ပညာရေးအစီအစဉ် (အထက်တန်း-သမိုင်း) တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး
၁၆:၃၀	၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ရူပဗေဒ) သောတရှင်လိုရာတေး
၁၇:၀၀	မေတို့တွက်တာ အလှကမ္ဘာ (မိန်းမနှင့်အလှအပ)
၁၇:၁၀	တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ဖွံ့ဖြိုးဝေစည်တို့မြန်ပြည် (ရခိုင်) ညနေခင်းတေးပဒေသာ
၁၇:၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၆)
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	ညနေခင်းတေးပဒေသာ
၁၈:၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ (၁) ပြည်ထောင်စုပန်းဥယျာဉ် ကဗျာများ (မင်းရွှေမင်း-အင်းစိန်) တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၁၀	ဇာတ်လမ်းပမာ နားဆင်စရာ (လှိုင်ငှူးဘွမ်မှာပြန်ဆုံမယ်)
၁၉:၃၀	သူ့ခေတ်သူ့ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၁၀	တေးစီးရီး (ဟသ်ာတထွန်းရင်၏တေးများ) စီးပွားရေးဦးတည်ချက်
၂၁:၀၀	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁:၁၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ပတ်လည်စနစ်ဖြင့် ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပပြီး T . Home Electronics မှ ပံ့ပိုးပေးသည့် ၂၀၁၀ ခုနှစ် (၃၆)ကြိမ်မြောက် အမျိုးသား တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပလျက်ရှိရာ ပွဲစဉ် (၈)အပြီးတွင် ဇော်ဝင်းလေး (လယ်ယာ/ဆည်မြောင်း)နှင့် ကျော်ကျော်ဦး (သစ်တောရေးရာ)တို့က ရှစ်ပွဲ ခြောက်မှတ်ဖြင့် ဦးဆောင်လျက်ရှိပြီး မျိုးနိုင် (ပို့ဆောင်ရေး)၊ ဝင်းဇော်ထွန်း (လယ်ယာ/ ဆည်မြောင်း)၊ ကျော်လင်းနိုင် (သစ်တောရေးရာ)၊ မျိုးကျော်လှိုင် (ပဲခူးတိုင်း)တို့က ရှစ်ပွဲ ၅ ဒသမ ၅ မှတ် ရရှိထားသည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမား ၁၆ဦးပါဝင်ပြီး ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်နေခြင်းဖြစ်ရာ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်အထိ ယှဉ်ပြိုင်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

ဆီးရီးယားအဘွားအို ဝါဆီလာအလီကဒူး အသက် (၁၁၀)ပြည့် မွေးနေ့ပွဲကျင်းပ

ဒမတ်စကတ် ဖေဖော်ဝါရီ ၇

အဘွားအိုအွမ်ဟာဆန်ဟု လူသိများသည့် ဆီးရီးယားအဘွားအို ဝါဆီလာအလီကဒူးသည် ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အိုင်ဒလက်မြို့နယ်ရှိ သူ့ဇာတိကျေးရွာ၌ ဇန်နဝါရီလက အသက်၁၁၀ပြည့်မွေးနေ့ အခမ်းအနားကိုကျင်းပကြောင်း ဆီးရီးယားသတင်းဌာန ဆာနာက ဖေဖော်ဝါရီ ၁ရက်တွင် သတင်းဖော်ပြသည်။

အသိအမှတ်ပြု

အဘွားအို ဝါဆီလာသည် ကျန်းမာရေးကောင်းနေဆဲ၊ အိမ်မှုလုပ်ငန်းအဝဝကို လုပ်ကိုင်နေဆဲဖြစ်သည်။ မြေးအယောက် ၁၀၀ရှိသည့်သူမကို ရှေးဟောင်းနှောင်းဖြစ်များ ပြောပြနိုင်သူအဖြစ် စာရေးဆရာများနှင့် သမိုင်းဆရာများက အသိအမှတ်ပြုကြသည်။

ပြောပြနိုင်

ဘွားသက်ရှည်သည် မှတ်ဉာဏ်ကောင်းပြီး ခံစားချက်များပါသော ရှေးကဗျာများနှင့် ကျေးလက်ရိုးရာတေးသီချင်းများကို မှတ်မိနေဆဲ၊ ရွတ်ဖတ်သီဆိုနိုင်ဆဲဖြစ်သည်။ ထို့အပြင် ကလေးဘဝဖြစ်ရပ်များကို အစုံအလင်သိနေဆဲလည်းဖြစ်သည်။ ဥပမာ ပြင်သစ်နယ်မြေသိမ်းပိုက်ရေးတပ်များက ဒေသတွင်းရှိတော်လှန်ရေးသမားများနှင့် ဆွေမျိုးများ၏ သတင်းရရှိရေးအတွက် ရွာရှိ ပြည်သူများကို ညှဉ်းပန်းနှိပ်စက်မေးမြန်းချိန်တွင် သူ၏မိခင်ဖြစ်သူနှင့်အတူ ဖိနပ်မပါခြေဗလာဖြင့် ပြေးခဲ့ရပုံများကိုလည်း ပြောပြနိုင်သေးသည်ဟုဆိုသည်။ သူမအဓိကစားသည့် အစားအစာမှာ ဟင်းသီးဟင်းရွက်များ ဖြစ်သည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ စွမ်းအင်နှင့်နည်းပညာဆိုင်ရာ ညီလာခံနှင့် ကုန်စည်ပြပွဲ၌ ဂျပန်နိုင်ငံ နီကိုကုမ္ပဏီမှလေစွမ်းအင်သုံးစက်ကိရိယာ ပြသထားမှုကို ဖေဖော်ဝါရီ ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တာလီဘန်ခြေကုပ်စခန်း အာဖဂန်နှင့်နေတိုး ပူးပေါင်းချေမှုန်းမည်

ကဘူးလ် ဖေဖော်ဝါရီ ၇

တာလီဘန်တို့၏ ဒုစရိုက်နယ်ဖြစ်သော ဟယ်လ်မန့်ပြည်နယ်တွင် လုံခြုံရေးပြန်လည်ရရှိစေရန်အတွက် အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)တို့ပူးပေါင်းကာ စစ်ဆင်ရေးကြီးတစ်ခု မကြာမီပြုလုပ်သွားမည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး ဇာဟီအာအာဇီမီက ဖေဖော်ဝါရီ ၅ရက်တွင် ပူးပေါင်းသတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားသည်။

ပြောကြား

အဆိုပါ စစ်ဆင်ရေးဆင်နွှဲမည့် ရက်စွဲ အပါအဝင် တပ်ဖွဲ့ဝင်အင်အား မည်မျှပါဝင်မည်ဆိုသည်ကိုမူ သူက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယ သမုဒ္ဒရာလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန် လိုလားလျက်ရှိ

နယူးဒေလီ ဖေဖော်ဝါရီ ၇

အိန္ဒိယအနေဖြင့် အိန္ဒိယသမုဒ္ဒရာလုံခြုံရေးကို ဦးဆောင်ကဏ္ဍတွင် တာဝန်ယူရသည်ထက် ဒေသအတွင်းရှိ အခြားနိုင်ငံများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုကို ကြိုက်နှစ်သက်သည်ဟု အိန္ဒိယရေတပ်ဗိုလ်ချုပ်ကြီး နာမယ်ဘာမာက ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားကြောင်း သည်ဟိန္ဒူသတင်းစာက ဖေဖော်ဝါရီ ၆ရက်၌ ရေးသားသည်။ အိန္ဒိယရေတပ်ဗိုလ်ချုပ်ကြီးက ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းရှိ ကပ္ပလီပင်လယ်နှင့် နီကိုဘာကျွန်း၌ နိုင်ငံစုံရေတပ်စစ်ရေးလေ့ကျင့်ပွဲတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ကောက်ချက်ချ

အိန္ဒိယရေတပ်သည် အိန္ဒိယသမုဒ္ဒရာဒေသ၌ လုံခြုံရေးကဏ္ဍတွင် ကြီးမားသည့်အခန်းကဏ္ဍမှ တာဝန်ယူသင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကောက်ချက်ချမှုအပေါ် အိန္ဒိယကမည်သို့မည်ပုံ တုံ့ပြန်မည်နည်းဟူသောမေးခွန်းအား ၎င်းက တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။ **(အင်တာနက်)**

ရုရှားစစ်လေယာဉ်များ လစ်ဗျားသို့ထောက်ပံ့မည်

မော်စကို ဖေဖော်ဝါရီ ၇

ရုရှားအစိုးရက လစ်ဗျားအစိုးရအား စစ်သုံးလေယာဉ်များထောက်ပံ့မည်ဖြစ်ပြီး ဆိုဗီယက်ခေတ် လက်နက်များခေတ်မီရေးကိုလည်း ယခုနှစ်အတွင်း၌ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံအနေဖြင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်အတွက် ယူရို ၁ဒသမ၃ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ဒသမ၈ဘီလီယံ) တန်ဖိုးရှိသည့် လက်နက်ရောင်းဝယ်ရေး သဘောတူစာချုပ်ကို မကြာသေးမီက ချုပ်ဆိုထားသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ သိပ္ပံနှင့် နည်းပညာဆိုင်ရာ သရုပ်ဖော်ပန်းချီပြတိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်က ကျင်းပစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဒါဂျီစတန်ဒေသတိုက်ပွဲ စစ်သွေးကြွနှစ်ဦးသေဆုံး

မော်စကို ဖေဖော်ဝါရီ ၇

ရုရှားရဲတပ်ဖွဲ့နှင့် သေနတ်သမားများ ဒါဂျီစတန်ဒေသတွင် တိုက်ခိုက်မှုဖြစ်ပွားရာ စစ်သွေးကြွဟု ယူဆရသူနှစ်ဦးထက်မနည်း သေဆုံးကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။

ဒါဂျီစတန်ဒေသ တောင်ပိုင်းရှိ ကိုင်တက်ခရိုင်တွင် ဇန်နဝါရီ ၃၁ရက်နှောင်းပိုင်းက တိုက်ပွဲဖြစ်ပွားစဉ်အတွင်း သေနတ်သမားများ သေဆုံးခဲ့ခြင်းဖြစ်သည်။

များမကြာမီလများအတွင်း ဒါဂျီစတန်ဒေသတွင် သီးခြားခွဲထွက်လိုသူများနှင့် အစိုးရတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ အရှိန်မြင့်လာခဲ့သဖြင့် ရုရှားအစိုးရအနေဖြင့် မြောက်ကော့ကေးဆပ်ဒေသတွင် အကြမ်းဖက်မှုနှိမ်နင်းရေးကို တိုးချဲ့ဆောင်ရွက်နေရသည်။ **(အင်တာနက်)**

ဟေတီ၌ကလေးမှောင်ခိုကုန်ကူးမှု ယူနီဆက်ဖ်က ပြစ်တင်ရှုတ်ချ

ပို့အော်ပရင့်စ် ဖေဖော်ဝါရီ ၇

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)သည် တိုင်းပြည် ဖွတ်ဖွတ်ညက်ညက်ကြေအောင် ပျက်စီးစေခဲ့သော မြေလျှင်လှုပ်သွားခဲ့ပြီးနောက် ဟေတီနိုင်ငံ၌ ပူဆွေးသောကများနေရပြီး ပျက်စီးဆုံးရှုံးမှုများစွာ ကြုံတွေ့နေရချိန်မျိုးတွင် ကလေးမှောင်ခိုကုန်ကူးမှု၊ ကလေးခိုးမှုများ တစ်နေ့တခြား တိုးပွားများပြားလာခြင်းကို ဖေဖော်ဝါရီ ၅ရက်က ပြစ်တင်ရှုတ်ချလိုက်သည်။

တရားစွဲဆို

ဟေတီနိုင်ငံ၏ တရားစီရင်ရေးစနစ်အရ ဇန်နဝါရီ ၂၉ရက်က လိုအပ်သော စာရွက်စာတမ်း အထောက်အထားများမပါဘဲ ဟေတီကလေးငယ် ၃၃ဦးကို နိုင်ငံပြင်ပသို့ ခေါ်ဆောင်သွားရန် ကြိုးပမ်းခဲ့သည့် အမေရိကန်နိုင်ငံသား ၁၀ဦးအား တရားစွဲဆိုသင့်ကြောင်း ယူနီဆက်ဖ်အမှုဆောင် ဒါရိုက်တာအန်းဗီနီမင်က ဟေတီနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့စဉ် ပြောကြားသည်။

ဟေတီနိုင်ငံတွင် ဘေးအန္တရာယ်ဆိုးကြီးကျရောက်ပြီး ကပ်ဆိုက်နေသည့် အချိန်မျိုးတွင် ကလေးမှောင်ခိုကုန်ကူးမှု တိုးပွားများပြားလာနေခြင်းသည် ယူနီဆက်ဖ်အတွက် ပူပင်သောကရောက်စရာ ဖြစ်နေသည်ဟုလည်း အန်းဗီနီမင်က ပြောကြားသည်။

တာဝန်ရှိ

ဟေတီဝန်ကြီးချုပ် ဂျိန်းမတ်ဘယ်လီရိုက်ကလည်း အသက်မပြည့်သေးသော ကလေးပြန်ပေးဆွဲမှုဖြစ်သကဲ့သို့ ဥပဒေချိုးဖောက်မှုလည်းဖြစ်သဖြင့် ဖေဖော်ဝါရီ ၄ရက်က စွဲချက်တင်ထားသော ထိုအမေရိကန်များကို ဟေတီတရားစီရင်ရေးစနစ်အရ အရေးယူရန် တာဝန်ရှိကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စစ်ရေးမဟာဗျူဟာသက်သက်ဖြင့် အာဖဂန်နစ္စတန်ပြဿနာကို မဖြေရှင်းနိုင်

အင်ကာရာ ဖေဖော်ဝါရီ ၇

အာဖဂန်နစ္စတန်နိုင်ငံကို အာဖဂန်နစ္စတန်ပြည်သူများ ပိုင်ဆိုင်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ၏ ပြဿနာရပ်များကို စစ်ရေးမဟာဗျူဟာ သက်သက်ဖြင့် ဖြေရှင်း၍ရနိုင်မည်မဟုတ်ကြောင်း တူရကီသမ္မတအဗ္ဗဒူလာဂါးလ်က ပြောကြားသည်။

တက်ရောက်

နိုင်ငံခြားတပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံကို ဖြစ်လိုရာဖြစ် သဘောမျိုး မျက်နှာလွှဲခဲ့ပစ် ချန်မထားခဲ့သင့်ကြောင်းဖြင့်လည်း တူရကီသမ္မတက အစ္စတန်ဘူလ်မြို့၌နှစ်ရက်ကြာကျင်းပသော အစည်းအဝေးသို့တက်ရောက်လာကြသည့် မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီး ၂၈ဦးအား ပြောကြားသည်။

လွယ်ကူမည်

နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့များနှင့် နေတိုးအဖွဲ့အနေဖြင့် အာဖဂန်နစ္စတန်ပြည်သူများ၏ ကိုယ်ပိုင်စရိုက်လက္ခဏာကိုသော်လည်းကောင်း၊ ယဉ်ကျေးမှုကိုသော်လည်းကောင်း၊ တန်ဖိုးကိုသော်လည်းကောင်း၊ ရိုးရာထုံးတမ်းဓလေ့ကိုသော်လည်းကောင်း ပြောင်းလဲပစ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ မသွားသင့်ကြောင်း၊ အကယ်၍ ယင်းစစ်မှန်သည့် အခြေအနေကို အပြည့်အဝ နားလည်သဘောပေါက်မည်ဆိုပါက အကြမ်းဖက်အန္တရာယ်ကိုဖယ်ထုတ်ရန် အလွန်လွယ်ကူမည်ဖြစ်သည့်အပြင် အောင်မြင်မှုရရှိရန်လည်း ခဲယဉ်းမည်မဟုတ်ကြောင်းဖြင့်လည်း တူရကီသမ္မတက ပြောကြားသည်။

ထောက်ပြ

အာဖဂန်နစ္စတန်ကလေးငယ် ၁၅သန်းနီးပါးကို ပညာသင်ပေးဖို့လိုအပ်နေသည့်အပြင် ကျန်းမာရေးဝန်ဆောင်မှုများပေးရန်လိုအပ်နေရုံမက အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်လည်း လိုအပ်နေကြောင်းဖြင့် တူရကီသမ္မတက ထောက်ပြသွားသည်။

(အင်တာနက်)

ဆိုမာလီတိုက်ပွဲအတွင်း အရပ်သား ၂၆၀ခန့် သေဆုံးခဲ့ကြရ

ဂျိနီဗာ ဖေဖော်ဝါရီ ၇

လွန်ခဲ့သည့်လက ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ တိုက်ပွဲဖြစ်မှုကြောင့် အရပ်သား ၂၆၀နီးပါး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်န်အိပ်ချ်စီအာရ်)က ပြောကြားသည်။

ပြောကြား

ဆိုမာလီနိုင်ငံတွင်၂၀၀၉ခုနှစ် ဩဂုတ်လနှောင်းပိုင်းနှင့် ဇန်နဝါရီလသည် အသေအပျောက်အများဆုံးလဖြစ်သည်ဟု ယူအင်န်အိပ်ချ်စီအာရ်က ပြောကြားသည်။

ထွက်ပြေး

လွန်ခဲ့သည့်လအတွင်း ဆိုမာလီယာနိုင်ငံ အလယ်ပိုင်းဒေသ ထိန်းချုပ်ရေးအတွက် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ၂၅၃ဦး ဒဏ်ရာရရှိပြီး ဆိုမာလီပြည်သူပြည်သား ၈၀၀၀၀ အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ကြရသည်။ (အင်တာနက်)

ရေလွှမ်း

မက္ကဆီကိုနိုင်ငံ ချာလ်ကိုမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားနေသည်ကို ဖေဖော်ဝါရီ ၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းသစ် အဆင့်တိုးမြှင့်ခြင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

● *ကျော့ဖုံးမှ*

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌတို့က အခြေခံပညာ အထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက အခြေခံပညာအထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ခြင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များသည် ကျောင်းခန်းမအတွင်း ခင်းကျင်း ပြသထားသည့် ကျောင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်များကို ကျောင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ရှင်းလင်းမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မြန်မာ့ပညာရေး မျှော်မှန်းချက်ကိုချမှတ်ပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းအတွက် စာရေးကိရိယာများ၊ ကွန်ပျူတာနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ထုံးကြီး စံပြကျေးရွာ ဒေသခံပြည်သူများကိုယ်စား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူလေးများက ဇာတိမာန်သီချင်းကို သံပြိုင် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တိုးမြှင့်ဖွင့်လှစ်

အဆိုပါ ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှာ မူလက အခြေခံပညာ အထက်တန်းကျောင်းခွဲအဆင့်ဖြစ်ပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် နိုင်ငံတော်က အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။
(သတင်းစဉ်)

ဖေဖော်ဝါရီ ၇ရက်က သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Neuton Gunaratna ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၄ရက် ညနေပိုင်း၊ ဖေဖော်ဝါရီ ၅ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် လေကြောင်းခရီးဖြင့် လည်းကောင်း၊ မြန်မာ့မီးရထားဖြင့် လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း နေပြည်တော်သို့ ရောက်ရှိလာကြသည်။

နေရာချထား

အဆိုပါ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၊ နေပြည်တော်ဘူတာနှင့် တည်းခိုရေးစခန်းတို့၌ ကြိုဆိုကြပြီး ခေတ္တတည်းခိုမည့် အမှတ်(၇) တည်းခိုရေးစခန်းရှိ တည်းခိုဆောင်အသီးသီးသို့ ပို့ဆောင်နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

အခမ်းအနားကျင်းပ

ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ၌ ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပစဉ်။
(သတင်းစဉ်)

ကျန်းမာရေး အသိပညာပေး စာပေဟောပြော

ရေတာရှည် ဖေဖော်ဝါရီ ၇

ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးကော်မတီနှင့် ကျန်းမာရေးဦးစီးဌာနတို့ အစီအစဉ်ဖြင့် ကျန်းမာရေးပညာပေး စာပေဟောပြောပွဲကို ဇန်နဝါရီ ၈ရက် မွန်းလွဲ ၂နာရီက ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်သူဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့လူတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ပညာပေးပြောကြားသည်။ ထို့နောက် စာရေးဆရာ၊ ဒါရိုက်တာ ဇွန်မောင်မောင်က မိမိကိုယ်မိမိ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ စာရေးဆရာ အယ်ဒီတာ သန်လျင်မောင်မောင်ဦးက ရယ်စရာ မောစရာ၊ ကဗျာဆရာ စာရေးဆရာ မောင်လွမ်းနွယ် (အောင်လံ)က မြင့်မိုရ်တောင်ကို ဦးခိုက်ခြင်း၊ စာရေးဆရာ ဒါရိုက်တာ ရွှေဘိုဘုန်းဝေက ရသလည်ပြန်နှင့် စာရေးဆရာ မင်းရွှေသွေး (ဇင်းကိုုက်)က ဂမ္ဘီရလောက အကြောင်းတို့ကို ဟောပြောကြသည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ **(စာပေ/စာနယ်ဇင်း)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ၊ လူနာသစ်ရှစ်ဦး ထပ်မံတွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၃)ရပ်ကွက်ရှိ ကျောင်းသားများစုစည်းနေထိုင်ရာ ဘော်ဒါဆောင်တစ်ခု၌ ကလေးများ အစုလိုက်ဖျားခြင်း၊ တုပ်ကွေးလက္ခဏာများဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသဖြင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့သည် ကွင်းဆင်း၍ ရောဂါဖြစ်ပွားပုံ အသေးစိတ်စိစစ်ခြင်း၊ လူနာသစ်ရှာဖွေခြင်း ထိရောက်သော ကုသမှုပေးခြင်းနှင့် လူနာများ၏ ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ လူနာရှစ်ဦးတွင် New Influenza A(H1N1) ရောဂါပိုးတွေ့ရှိကြောင်း စစ်ဆေးအတည်ပြုနိုင်ခဲ့သည်။

လူနာများအား ဝေဘာဂီအထူးကုဆေးရုံ၌ တက်ရောက်ကုသစေပြီး ၎င်းလူနာများနှင့် အနီးကပ်ထိတွေ့မှုရှိသူ ၇၃ဦးကိုလည်း သီးခြားထားရှိကြောင်း၊ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းလူနာရှစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြန်အောင်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဘုဏ်စာရီ မြန်အောင်သီလရှင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် မြန်အောင်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပေးပို့နိုင်

ပညာရည်ချွန်ဆု ချီးမြှင့်နိုင်ရန်အတွက် ၂၀၀၉ စာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသောအသင်းဝင်များ၏ သားသမီးများစာရင်းကို ဦးအေးကိုကို ဖုန်း-၅၆၆၆၈၇၊ ဦးအေးသန်း ဖုန်း-၅၁၁၄၇၄၊ ဦးလှမြင့် ဖုန်း-၇၀၄၄၆၁နှင့် အမှုဆောင်များထံသို့ ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

8-2 (05).pmd 1 2/8/2010, 1:51 AM

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

တောင်ဇလပ်ပန်းတို့အလယ် ဖွံ့ဖြိုးမှုအသွယ်သွယ်ဖြင့်

တိုးတက်စည်ပင်နေသော ချင်းပြည်နယ်

➤ သတင်းဆောင်းပါး - တင်ဝင်းလေး (ကြည့်မြင်တိုင်)
➤ ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)
➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၌ နှစ်ပေါင်း ၁၀၀ကျော် သွေးခွဲအုပ်ချုပ်ခံခဲ့ရသည်။ ကိုလိုနီနယ်ချဲ့၏ ဆိုးမွေကြောင့် နှစ်ပေါင်း၄၀ကျော် ပြည်တွင်းမတည်ငြိမ်မှု ဒဏ်ရာဒဏ်ချက်များကို ခံစားခဲ့ရကာ တိုင်းပြည်ချွတ်ခြုံကျခဲ့ရသည်။ နိုင်ငံတစ်ဝန်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေးစသည်ဖြင့် ကဏ္ဍပေါင်းစုံ နိမ့်ကျခဲ့ရသည်။

ဤတွင် ခေတ်အဆက်ဆက် အရေးကြုံလေတိုင်း နိုင်ငံနှင့်ပြည်သူကို စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက် ကယ်တင်ခဲ့သော မြန်မာ့တပ်မတော်ကပင် အမိနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်မှု ပြုခဲ့ရသည်။ ပြည်သူ၊ ပြည်သားအားလုံးမှာ အမိရင်ခွင်သို့ ပြန်လည်ရောက်ရှိလာသော သားသမီးကဲ့သို့ နှလုံးစိတ်ဝမ်းအေးချမ်းစွာ အေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံမှုအပြည့်အဝ ပြန်လည်ရရှိလာခဲ့ကြသည်။

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်ယူပြီးချိန်မှစ၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် နေ့မအား ညမနား အစွမ်းကုန်ကြိုးစား ဆောင်ရွက်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်အများအပြားကို အလင်းလမ်းဆီသို့ လက်တွဲခေါ်ဆောင်နိုင်ခဲ့သည်။ ညီနောင်သွေးချင်းများ၏ စားဝတ်နေရေးကအစ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအလယ်၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေးအဆုံး အလုံးစုံ ဖြည့်ဆည်းပေးခဲ့သည်။

တစ်ချိန်က ခရီးသွားလာရေးခက်ခဲခဲ့သော ချင်းပြည်နယ်တွင် နိုင်ငံတော်က တောင်တန်းများကိုဖြတ်ဖောက်ပြီး မြစ်ချောင်းများအား ကျော်ဖြတ်ကာ ခက်ခက်ခဲခဲ တည်ဆောက်ပေးခဲ့သည့် တံတားပေါင်းများစွာအနက် ချင်းပြည်နယ်မှ ပြည်ထောင်စု တစ်ဝန်းသို့ အချိန်ရာသီမရွေး သွားလာနိုင်သည့် မံဆောင်းတံတားကြီးကလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤသို့ ဝင့်ဝင့်ထည်ထည် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့လေပြီ····။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

တိုင်းပြည်အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်း မခွဲခြားဘဲ ဆူကြုံနိမ့်မြင့် နည်းနိုင်သမျှနည်းစေရန် ရည်ရွယ်၍ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုကို တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည်။ ထို့အပြင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ ရေရရှိရေး၊ ပညာရေး အဆင့်မြင့်တင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမြင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည် ဖော်ဆောင်ပေးနိုင်မှုကြောင့် ကျေးလက်မကျန်၊ နယ်စပ်မကျန် ပြည်နယ်နှင့်တိုင်းအားလုံး မျှတစွာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာသည်ကို တောင်ဇလပ်ပန်းတို့ ပွင့်လန်းရာမြေဖြစ်သော ချင်းတို့မြေ၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများက သက်သေသွန်းနေပါတော့သည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသဖြစ်ပြီး မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၀ မိနစ်နှင့် ၂၄ ဒီဂရီအကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ်နှင့် ၉၄ ဒီဂရီ ၀၉ မိနစ်အကြားတွင် တည်ရှိသည်။ ဧရိယာစတုရန်းမိုင် ၁၃၉၀၇ ကျယ်ဝန်းသည်။ ချင်းတိုင်းရင်းသားမျိုးနွယ်များနှင့် မြို၊ ခမိ၊ ဗမာတိုင်းရင်းသားများ အတူတကွ စုစည်းနေထိုင်ကြသော ပြည်နယ်တစ်ခုဖြစ်သည်။

တောတောင်ထူထပ်၍ မြေပြန့်အလွန်နည်းပါးသော ပြည်နယ်ဖြစ်သည်။ တောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပြီး တောင်တန်းများအကြား၌ မြစ်ဝှမ်း၊ ချိုင့်ဝှမ်းများ ဆက်နွယ်လျက်ရှိသည်။ ချင်းပြည်နယ်တွင် မဏိပူရမြစ်သည် အထင်ရှားဆုံးမြစ်ဖြစ်သည်။ အမြင့်ဆုံးတောင်ထိပ်မှာ ပေ ၁၀၂၀၀ မြင့်သော ဝိတိုရိယတောင် (ခေါ်) ခေါ်နုဆွမ်တောင်ဖြစ်သည်။

ချင်းပြည်နယ်ကို ဖလမ်းခရိုင်နှင့် မင်းတပ်ခရိုင်ဟု ခရိုင်နှစ်ခုခွဲခြားထားပြီး ဟားခါးမြို့မှာ အစိုးရရုံးစိုက်ရာ မြို့ဖြစ်သည်။ ဖလမ်းခရိုင်တွင် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါး၊ ရိဒ်မြို့နယ်များပါဝင်ပြီး မင်းတပ်ခရိုင်တွင် မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝ၊ မတူပီ၊ ရေဇွာမြို့နယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၇၁ အုပ်စုနှင့် ကျေးရွာပေါင်း ၁၃၈၉ ရွာ ရှိသည်။ လူဦးရေအားဖြင့် ငါးသိန်းလေးသောင်းကျော် ပေါင်းစုနေထိုင်ကြသည်။

စိုက်ပျိုးရေးနှင့် စီးပွားရေး

ချင်းပြည်နယ်သည် တောင်တန်းတောင်စွယ် ထူထပ်ပြီး မြေပြင်အနေအထားအရ အင်္ဂလိပ်အက္ခရာ (ဗွီ)သဏ္ဌာန် မြေနိမ့်ချိုင့်ဝှမ်းများဖြစ်သည်။ တောင်စောင်းများ၌ သီးနှံများကိုစိုက်ပျိုးကြသည်။ တပ်မတော်အစိုးရလက်ထက် ၁၉၉၄ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ဖလမ်းမြို့နယ်၌ စိုက်ဧက ၅၀၀ အကျိုးပြုနိုင်မည့် လိုင်ဗားရေလှောင်တမံကို တည်ဆောက်ပေးနိုင်မှုကြောင့်လည်းကောင်း၊ ကျေးရွာများတွင် လျှိုပိတ်ဆည်များ တည်ဆောက်ပေးနိုင်မှုကြောင့်လည်းကောင်း၊ ကုန်းမြင့်လယ်ယာများ ဖော်ဆောင်ပေးမှုကြောင့်လည်းကောင်း စိုက်ပျိုးမြေဧရိယာ ၃၁၂၉၃၂ ဧကအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။ စပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံနှင့် အခြားအမယ်စုံ သီးနှံများကို စိုက်ပျိုးနိုင်ခဲ့ကြပြီးဖြစ်ကြောင်း တွေ့မြင်နေရသည်။

ချင်းပြည်နယ်တွင် လက်ဖက်စိုက်ပျိုးရန် အလွန်သင့်လျော်သော မြေအမျိုးအစားနှင့် ရာသီဥတုကို သဘာဝက ပေးထားပြီးဖြစ်သည်။ ထို့ကြောင့် "ချင်းပြည်နယ်အား လက်ဖက်ပြည်နယ်ဖြစ်ရမည်" ဟူသော လမ်းညွှန်ချက်နှင့်အညီ ဒေသအဝန်း လက်ဖက်ကို အားသွန်ခွန်စိုက် စိုက်ပျိုးလာကြသည်။ ၂၀၀၉ ခုနှစ်ကုန်ထိ တောင်သူနှင့် ဌာနဆိုင်ရာ ပူးပေါင်း၍ လက်ဖက် ၂၀၁၉၆ ဧကကို စိုက်ပျိုးပြီးဖြစ်သည်။ ထို့အပြင် မွေးမြူရေးကဏ္ဍတွင် ယခင်က နွားနောက်ကို ရိုးရာဓလေ့အရသာ မွေးမြူကြပြီး ပွဲလမ်းသဘင်အခမ်းအနားများတွင်သာ အသုံးပြုခဲ့ကြသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နွားနောက်များကို စီးပွားဖြစ်မွေးမြူလာကြရာ ပြည်နယ်အဝန်း နွားနောက်ကောင်ရေ ၆၅၀၃၀ တိုးချဲ့မွေးမြူလာနိုင်ခဲ့ပြီးဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်၌ စိုက်ပျိုးရေး၊ မွေးမြူရေး အခွင့်အလမ်းများ ပွင့်လင်းလာသည်နှင့်အမျှ ချင်းပြည်နယ်ဖွား တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ အထွေထွေသည်လည်း ယခင်နှင့်မတူ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

ပညာရေး

နိုင်ငံတော်က ပညာရေးကဏ္ဍတွင် နှစ်တိုနှစ်ရှည် စီမံကိန်းများဖြင့် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နှစ် ၃၀ စီမံကိန်းအရ ၂၁ ရာစုအတွင်း တိုးတက်ပြောင်းလဲလာမည့် နည်းပညာသစ်များ၊ ဆက်သွယ်ရေးပညာရပ်များနှင့်အတူ နိုင်ငံတကာအဆင့်မီ လူ့စွမ်းအားအရင်းအမြစ်များကို ဖော်ဆောင်ပေးလျက်ရှိသည်။ အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည် ပညာရေးစီမံကိန်းများ ရေးဆွဲဖော်ဆောင်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း အခြေခံပညာတတ်မြောက်စေရေး၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးကို ဦးတည်လျက် ပြည်နယ်၊ ပြည်မ တန်းတူရည်တူ ပညာသင်ယူခွင့်ရရှိရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိနေသည်။

ထို့ကြောင့် ချင်းပြည်နယ်အတွင်း ပညာသင်ကြားလိုသူများ များပြားလာမှုကြောင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအားလုံးတွင် အထက်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းခွဲနှင့် မူလတန်းလွန်ကျောင်းများအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးထားရသည်။ ယခုအခါ ဒေသအတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၉၀ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ပြည်နယ်တစ်ခွင်လုံး ပညာဆီမီး ထိန်ထိန်ညီးလျက်ရှိသည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကိုလည်း ချင်းပြည်နယ်အတွက် ပေါင်းစပ်ဆောင်ရွက်ပေးနေသည့် အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုတွင် ပါဝင်သော စစ်ကိုင်းတိုင်း ကလေးခရိုင်နှင့် မုံရွာခရိုင်အတွင်းရှိ တက္ကသိုလ်များသည်လည်းကောင်း၊ ဆက်စပ်ဒေသဖြစ်သော မကွေးတိုင်းအတွင်းရှိ တက္ကသိုလ်များသည်လည်းကောင်း ပညာရည်နို့ တိုက်ကျွေးရန် အသင့်ရှိနေပေပြီ။ သို့ကြောင့် ဖလမ်းခရိုင်အတွင်းမှ ကျောင်းသား ကျောင်းသူများအနေဖြင့် ကလေးခရိုင်အတွင်းရှိ ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဖွင့်လှစ်ပေးထားသော သင်တန်းကျောင်းများတွင် အလွယ်တကူ မပင်မပန်း ပညာဆည်းပူးနေကြသကဲ့သို့ မင်းတပ်ခရိုင်အတွင်းရှိ အဆင့်မြင့်ပညာ ဆည်းပူးလိုသူများအတွက်လည်း သွားလာရေးလွယ်ကူသော မကွေးတိုင်းအတွင်းရှိ ပခုက္ကူတက္ကသိုလ်၊ ကောလိပ်များတွင်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသော အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုလည်းကောင်း သင်ယူလျက်ရှိနေကြရာ ယခုအခါ ပြည်နယ်အတွင်းဝယ် ဘွဲ့ရပညာတတ်ဦးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကာ ကိုယ့်အရပ်ကိုယ့်ဒေသများ၌ပင် ဆရာ ဆရာမများအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လျက် ရှိနေကြပေပြီ။

ချင်းပြည်နယ် ဟားခါးမြို့၏ အနောက်ဘက် ဟားခါး-ဖလမ်းသွား ကားလမ်း၏ အရှေ့ဘက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုသက်မွေးပညာဦးစီးဌာနကလည်း ဒေသအတွင်းရှိ လူငယ်များ လက်လှမ်းတမီ စက်မှုလက်မှုပညာများ သင်ကြားနိုင်ရန်အတွက် အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း(ဟားခါး)ကို မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

ကျန်းမာရေး

လူတစ်ဦးတစ်ယောက်၏ အဓိကအလိုအပ်ဆုံးသောအရာမှာ ရောဂါကင်းရှင်းစွာ အသက်ရှည်ရာ အနာမဲ့ကြောင်း နေထိုင်နိုင်မှုပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့ လွှမ်းခြုံကာ အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ၏ ကျန်းမာရေးကို အစဉ်ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသ၏ လိုအပ်ချက်နှင့်အညီ ဆေးရုံများကို အသစ်တည်ဆောက်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ကျေးလက်ဆေးပေးခန်းများ အသစ်ဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးခြင်း၊ ခေတ်မီရောဂါရှာဖွေမှု၊ ကုသမှု အထောက်အကူပြုကိရိယာများ ဖြည့်ဆည်းပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် မြို့ပြနှင့် ကျေးလက် ကွာဟမှုမရှိအောင် ပံ့ပိုးဖြည့်ဆည်းပေးထားလျက်ရှိသည်။

သို့အတွက် ချင်းပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုကို ဤကဲ့သို့ တွေ့မြင်ခဲ့ရပါသည်။ ပြည်နယ်အတွင်းရှိ ဆေးရုံ ၂၄ ရုံ၊ တိုက်နယ်ဆေးရုံ ၁၄ ရုံတို့တွင် အထူးကုဆရာဝန်ကြီး ၈၃ ဦး၊ *စာမျက်နှာ ၇ ကော်လံ ၁*

တောင်ဇလပ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ဖြည့်ဆည်းပေးလျက်ရှိရာ ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် စိုက်ပျိုးရေ၊ မျိုးကောင်းမျိုးသန့်နှင့် စနစ်တကျစိုက်ပျိုးနည်းစနစ်များပါ ဖြန့်ဝေပေးနိုင်ခဲ့မှုကြောင့် ချင်းပြည်နယ် နေရာအနှံ့အပြားတွင် အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်စိုက်ခင်းများကို ဤသို့ အားရကျေနပ်ဖွယ်ရာ တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည့်မြင်ကွင်းကလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု အလှကို ခြယ်မှုန်းပြသနေသလိုပင်····။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ချင်းပြည်နယ်အတွင်း စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေး နိုင်ငံတော်က စနစ်တကျ စီစဉ်ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိရာ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးကလည်း ဒေသခံသွေးချင်းသားချင်းများ၏ ကျန်းမာရေးအတွက် အားကိုးအားထားပြုရာ ဤသို့ အသင့်တည်ရှိနေသည်မှာ····။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

စာမျက်နှာ ၆ မှ

လက်ထောက်ဆရာဝန် ၁၉၇ဦးနှင့် သူနာပြု ၁၃၀၀ကျော်တို့က ကျန်းမာရေးဝန်ဆောင်မှုကို ထိရောက်စွာ ဆောင်ရွက်ပေးနေကြပြီဖြစ်သည်။

ချင်းပြည်နယ်တစ်ခုလုံးအနေဖြင့် ဟားခါးတွင် ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတစ်ရုံ၊ မင်းတပ်မြို့တွင် ခုတင် (၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး တစ်ရုံ၊ ဖလမ်းတွင် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတစ်ရုံ၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များတွင် မြို့နယ်ဆေးရုံများ အဖြစ် တည်ဆောက်ပေးထားကာ ကျေးလက်ပြည်သူများ၏ အနီးကပ်စောင့်ရှောက်မှု အတွက်ကိုလည်း ကျေးလက်ကျန်းမာရေးဌာန ၄၆ ခုကို ဖွင့်လှစ်ဖြည့်ဆည်းပေးထားပြီး ဖြစ်ကြောင်း တွေ့မြင်ခဲ့ရပါသည်။

ဒေသအတွင်း ကျန်းမာရေးမြှင့်တင်မှုအနေဖြင့် ဟားခါးမြို့ရှိ ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးကို ခုတင် (၂၀၀)ဆံ့ဆေးရုံကြီးအဖြစ်သို့ လည်းကောင်း၊ တီးတိန်မြို့ရှိ ခုတင် (၅၀)ဆံ့ဆေးရုံအား ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ လည်းကောင်း တည်ဆောက်လျက်ရှိရာ မကြာမီသောကာလအတွင်း အောင်မြင်စွာ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင်လည်း ချင်းပြည်နယ်အား အခြားပြည်နယ်နှင့် တိုင်းကြီးများနည်းတူ အလေးထားဆောင်ရွက်ပေးမှုမှာ မျက်ဝါးထင်ထင်ပင် ဖြစ်သည်။

ဆက်သွယ်ရေး

ချင်းပြည်နယ်၏ တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက်မှာလည်း ပြည်ထောင်စုအတွင်း၌သာမက ကမ္ဘာ့အရှေ့ဖျား၊ အနောက်ဖျားသို့တိုင် ဆက်သွယ်အလှမ်းမီလျက်ရှိကြောင်းကို ပြည်နယ်၏ မြို့အသွယ်သွယ်မှ ဆက်သွယ်ရေးတာဝါတိုင်များက အထင်းသား ညွှန်းဆိုနေပါပြီ။

၂၀၀၈ ခုနှစ် မတ်လကစ၍ ဟားခါးမြို့တွင် G.S.M ဖုန်းများ စတင်အသုံးပြုလာနိုင်သကဲ့သို့ မင်းတပ်မြို့တွင်လည်း CDMA-450 ဖုန်းများကို စတင်အသုံးပြုလျက်ရှိနေပြီ။ ၂၀၀၉ ခုနှစ် မတ်လတွင် အော်တိုအိတ်ချိန်း လိုင်းသစ်များကို မင်းတပ်၊ မတူပီ၊ ထန်တလန် သုံးမြို့တွင် တိုးချဲ့နိုင်ခဲ့ပြီး မြို့တွင်း၌လည်း အများပြည်သူသုံး P.C.O ဖုန်း ၇၅ လုံး ထားရှိပေးထားသည်ကို တွေ့ခဲ့ရသည်။

ချင်းပြည်နယ်၏ မြင့်မားသော တောင်အသွယ်သွယ်ထက်ဝယ် မြန်မာ့အသံ၊ မြဝတီ ရုပ်မြင်သံကြား ထပ်ဆင့်ဖမ်းယူထုတ်လွှင့်သော တာဝါတိုင်ကြီးကို လွှင့်ထူပေးနိုင်မှုကြောင့် နယ်စပ်ဒေသ ကျေးလက်ယင်ကလေးများကအစ အသိ၊ အမြင်၊ အကြား ဗဟုသုတ ပိုမို မြင့်မားလာသည်ကိုလည်း မည်သူမျှ မငြင်းနိုင်တော့ပါပေ။

လမ်းပန်းဆက်သွယ်ရေး

ဒေသအဝန်း အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ လမ်းတံတားတို့မှာ ပန်းများအလား တစ်ပွင့်ချင်း ဆင့်ကဲဆင့်ကဲ ပွင့်လာခဲ့ပေပြီ။ လမ်းပန်းဆက်သွယ်မှုများ ကောင်းလာသည်နှင့်အမျှ ဒေသသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လူမှုဘဝအထွေထွေတို့မှာ ယခင်ကာလများနှင့် လားလားမျှမတူညီ ဖွံ့ဖြိုးဝေစည်လာခဲ့ပြီ ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ဒေသအလိုက် အထူးဆောက်လုပ်ရေးအဖွဲ့များဖြင့် "မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့" ဟူသော ကြွေးကြော်သံနှင့်အညီ ချစ်ကြည်ရေးတံတားကြီးများ၊ ပြည်ထောင်စုလမ်းမကြီးများအပြင် ခရိုင်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများကြောင့် ပြည်ထောင်စုအတွင်း လမ်းကွန်ရက်အဖြာဖြာနှင့် တံတားအဖြာဖြာပေါ်မှ ဥဒဟို သွားလာနိုင်ကြပြီဖြစ်သည်။

ထို့အတူ ချင်းပြည်နယ်အတွင်းတွင်လည်း ယခင်အခါက ပေ ၁၈၀ အထက် တံတားကြီးဟူ၍ ချင်းပြည်နယ်(မြောက်ပိုင်း) တွန်းဇံမြို့နယ်တွင် ပေ ၂၇၀ ရှိ နတ်ဇန်တံတားနှင့် ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်တွင် ပေ ၂၄၀ ရှိ လည်မျိုတံတားနှစ်စင်းသာ ရှိခဲ့သည်။ ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုမှာ လမ်းမိုင် ၇၅၇မိုင်သာရှိခဲ့ပြီး အများစုမှာ မြေသားလမ်းများသာ ဖြစ်ခဲ့သည်။ ထို့ကြောင့် "အမြင်နီးလျက် ခရီးဝေးသည့် တောင်" ပမာဆိုသကဲ့သို့ လာချင်ပါလျက် ခရီးက ခက်နေခဲ့ရသည်။

ယနေ့ကာလဝယ် ဒေသအတွင်း၌ မြို့တွင်းလမ်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကလည်းကောင်း၊ မြို့ပြင်လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းကောင်း တာဝန်ယူဆောင်ရွက်ပေးမှုကြောင့် ချင်းပြည်နယ်အတွင်း သွားလမ်းသာ၍ လာလမ်းများ ဖြောင့်ဖြောင့်ဖြူးဖြူး ရှိနေပေပြီ။

တီးတိန်မြို့နယ်အတွင်း ကပ်တဲလ်ရွာအနီး၌ တံတားအရှည် ၃၈၅ ပေ၊ အကျယ် ၁၄ ပေရှိသော ကပ်တဲလ်ဘေလီကြိုးတံတားကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ပေးခဲ့ပြီး ၂၀၀၂ခုနှစ် ဧပြီလ ၂၀ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် တီးတိန်မြို့နယ်အစပ်နှင့် ရိဒ်မြို့နယ်အစပ်ဖြစ်သော တီးတိန်-ရိဒ်ရေကန် သွားလမ်း၊ တီးတိန်နှင့် လိုင်တွီးတွင် ကြားခံနေသော မဏိပူရမြစ်အား ဖြတ်ကျော်၍ အရှည် ပေ ၄၆၀၊ အကျယ် ၁၄ ပေရှိသော သံမဏိသံပေါင် (ဘေလီကြိုးတံတား) မံဆောင်း တံတားကို ငွေကျပ် ၁၄၁၆ သိန်း အကုန်အကျခံကာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၁ရက်တွင် စတင်တည်ဆောက်၍ ၂၀၀၅ ခုနှစ် မတ်လ ၂၀ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တစ်ဖန် ဖလမ်းမြို့နယ်အတွင်း၌ ကလေး-ဖလမ်း-ဟားခါးသွားလမ်းပေါ်ရှိ ရေစီးကြမ်းသော မဏိပူရမြစ်ပေါ်ဝယ် ဖြတ်သန်း၍ တံတားအရှည် ပေ ၃၄၀၊ အကျယ် ၃၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေပါရှိသော ဗားရ်တံတားကို ငွေကျပ်သိန်း ၂၂၈၀ အကုန်အကျခံကာ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်တည်ဆောက်၍ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ဒေသခံတို့အတွက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဒေသအတွင်း မြို့ပြင်လမ်းများအနေဖြင့် ကတ္တရာလမ်း ၂၈၆ မိုင် ၃ ဖာလုံ၊ ကျောက်ခင်းလမ်း ၂၇၇ မိုင် ၇ ဖာလုံ၊ မြေသားလမ်းမိုင် ၄၈၀ နှင့် ၂ ဖာလုံကိုလည်း ခင်းထားပေးနိုင်ခဲ့ပြီဖြစ်သည်။ မြေသားလမ်းမှသည် ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းမှသည် ကတ္တရာလမ်းအဖြစ် အဆင့်ဆင့် မြှင့်တင်ပေးလျက်ရှိခြင်းကြောင့် မြေသားလမ်း လက်ကျန် တဖြည်းဖြည်းဖြင့် နည်းလာခဲ့ပြီဖြစ်သည်။

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် စီမံကိန်း

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁။	**လျှပ်စစ်စွမ်းအား တည်ဆောက်မည့်စီမံကိန်း**		
	လိုင်ဗား ထပ်ဆင့်လွှတ် ရေအားလျှပ်စစ်စက်ရုံ	ဖလမ်းမြို့	၀.၇မဂ္ဂါဝပ်
၂။	**လမ်းပန်းဆက်သွယ်ရေး**		
	ကလေး-ဖလမ်း-ဟားခါးလမ်း- ၁၂၄မိုင် ဂန့်ဂေါ-ဟားခါးလမ်း - ၈၆မိုင် မင်းတပ်-မတူပီ-ရေဇွာ-ဟားခါးလမ်း ၁၇၃ မိုင် ၃ဖာလုံ သိုင်းငင်း-တီးတိန်-ရိဒ်ခေါဒါရ်လမ်း ၅၇ မိုင် ၁ ဖာလုံ တီးတိန်-တွန်းဇံ-ကျီခါးလမ်း မိုင် ၈၀	-	ရာသီမရွေး သွားလာနိုင်သော လမ်းများ အဖြစ် မွမ်းမံ ဆောင်ရွက်ခြင်း
၃။	**ပညာရေး**		
	အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း	တီးတိန်မြို့	ဖွင့်လှစ်ပေးမည်

ထို့အပြင် ချင်းပြည်နယ်အတွင်းရှိ အဓိကလမ်းမကြီး ငါးသွယ်ဖြစ်သည့် ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင်၊ ဂန့်ဂေါ-ဟားခါးလမ်း ၈၆ မိုင်၊ မင်းတပ်-မတူပီ-ရေဇွာ-ဟားခါးလမ်း ၁၇၃ မိုင် ၃ဖာလုံ၊ သိုင်းငင်း-တီးတိန်-ရိဒ်ခေါဒါရ်လမ်း ၅၇ မိုင် ၁ဖာလုံ၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်းမိုင် ၈၀ တို့ကို ရာသီမရွေး သွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၀ ခုနှစ်အတွင်း ၄၃ မိုင် ၇ဖာလုံ လမ်းသစ်ဖောက်လုပ်ခြင်းကို အထူးစီမံကိန်းတစ်ရပ်အဖြစ် ချမှတ်ကာ ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်အတွင်း လမ်းပန်းသွားလာမှု နေ့နေ့ညည အချိန်အခါမရွေး ပိုမိုလွယ်ကူ လျင်မြန်လာတော့မည် ဖြစ်ပေသည်။

ထို့ကြောင့် ယခုအခါ အခါလည်းသင့်၍ အခွင့်လည်းသာခဲ့ပြီဖြစ်ရာ ဖွံ့ဖြိုးတိုးတက်မှု အဖြာဖြာတို့အား ချင်းပြည်နယ်အပါအဝင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသား တိုင်းရင်းသားအားလုံး နယ်စပ်ဒေသပါမကျန် ခံစား၊ စံစားခွင့် ရနေကြပြီ အမှန်ပင်ဖြစ်ပါသည်။

ဤသို့ ကောင်းကျိုးအဖြာဖြာဖြင့် ခံစား၊ စံစားနေရခြင်းမှာ " **ပြည်နယ်၊ တိုင်း ၁၄ခုလုံး၌ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာ၊ ကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာ၊ ကျန်းမာအောင် လုပ်ဆောင်ပေးနေကြောင်း၊ နိုင်ငံတော်အစိုးရသည် မိဘသဖွယ် မိမိ၏သွေးသားများဖြစ်သည့် တိုင်းရင်းသားများ ကောင်းစားရေး၊ ယင်းတို့၏ အနာဂတ်ကောင်းမွန်ရေးတို့အတွက် ဘက်စုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်လျက်ရှိကြသည့် မြန်မာတိုင်းရင်းသားများဖြစ်ရာ မည်သည့်တိုင်းရင်းသား သားသမီးကိုမဆို သာစေ၊ နာစေဟူ၍ မရှိကြောင်း၊ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ပင်ဖြစ်ကြောင်း**" ဟူ၍ ၂၀၀၂ ခုနှစ် ဧပြီလက ရှမ်းပြည်နယ်ခရီးစဉ်အတွင်း မိန့်ကြားခဲ့သော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရင်တွင်းမှလာသည့် သစ္စာတရားအပေါ် မေတ္တာလောင်း၍ အကြင်နာနှင့် ပေါင်းစပ်ပေးခဲ့သော ကျေးဇူးရလဒ်များပင်ဖြစ်ပါကြောင်း (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အား ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အထွေထွေဖြင့် သက်သေညွှန်းဆို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါတော့သည်။ ။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၂၀၇၉၅၇	၃၁၂၉၃၂	၁၀၄၉၇၅
၂	ဆည်တမံ	ခု	၁၆	၃၇	၂၁
၃	ကြိုးဝိုင်းတော	စတုရန်းမိုင်	၆၀၅	၆၄၅.၁၀	၄၀.၁၀
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၃၈၆.၄၁၁	၁၃၈၆.၄၁၁
၅	ကားလမ်း	မိုင်	၆၉၅	၁၀၉၄.၃	၃၉၉.၃
၆	ပေ ၁၈၀ အထက်တံတား	စင်း	၂	၅	၃
၇	စာတိုက်စခန်း	ခု	၂၉	၅၀	၂၁
၈	ကြေးနန်းရုံး	ရုံး	၁၁	၂၄	၁၃
၉	တယ်လီဖုန်းရုံး	ရုံး	၈	၂၉	၂၁
၁၀	မိုက္ကရိုဝေ့ဗ်စခန်း	ခု	-	၆	၆
၁၁	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၄	၁၇	၁၃
၁၂	ပုဂ္ဂလိကစက်ရုံ	ရုံ	၃၄၃	၅၄၀	၁၉၇
၁၃	အခြေခံပညာကျောင်း	ကျောင်း	၁၀၉၀	၁၅၉၀	၅၀၀
၁၄	စက်မှုလက်မှုသိပ္ပံကျောင်း	ကျောင်း	-	၁	၁
၁၅	ဆေးရုံ	ရုံ	၁၈	၂၄	၆

နယ်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ ချင်းပြည်နယ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းသို့သာမက နိုင်ငံတကာသို့တိုင် ဆက်သွယ်ပြောဆိုနိုင်စေရန် စေတနာအရင်းခံကာ ငွေကြေးကုန်ကျမှုများစွာဖြင့် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ဆက်သွယ်ရေးကွန်ရက် တာဝါတိုင်ကြီးကလည်း ဤသို့ မြင့်မြင့်မားမား ငွားငွားစွင့်စွင့်ဖြင့်····။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုသားအားလုံး၏ အမျိုးသားရေးတာဝန်

ရွှေအိမ်စည်



"လွတ်လပ်၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" သည် နိုင်ငံတစ်နိုင်ငံအတွက် အသက်တမျှ အရေးကြီးလှပေသည်။ သို့ဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်သည် နိုင်ငံတော်၏ **"နှလုံးအိမ်"** ပင်တည်း။ **" ပြည်ထောင်စုဟူသည် ပြည်နယ်နှင့်တိုင်းများကို ပေါင်းစည်း၍ ဗဟို အာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသော နိုင်ငံတော်"** ဟု အဓိပ္ပာယ်ရပါသည်။ ပြည်ထောင်စုသားတို့ အေးအတူပူအမျှ စုစည်းနေထိုင်ရာ ပထဝီ နယ်နိမိတ်လည်း ဖြစ်ပေသည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်ကား ပြည်ထောင်စုသားအားလုံးနှင့် သက်ဆိုင်သော အမျိုးသားရေးစိတ်ဓာတ် (**တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်**)ပင် ဖြစ်ပါသည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်"သည် အရှေ့တောင်အာရှ၊ အင်ဒိုချိုင်းနားကျွန်းဆွယ်တွင်တည်ရှိပြီး နှစ်ပေါင်းထောင်နှင့်ချီကာ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့ပါသည်။ ဧရိယာ ၂၆၁၂၂၈စတုရန်းမိုင်ရှိပြီး အရှေ့နှင့်အနောက် ၅၈၂မိုင်ကျယ်ဝန်းကာ တောင်နှင့်မြောက် ၁၂၇၅မိုင်ရှည်လျားသည်။ အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၈မိုင် ဆက်စပ်လျက်ရှိသည်။ ရေမိုင်အနေဖြင့် မြောက်ဘက် နတ်မြစ်ဝမှ တောင်ဘက် ဘုရင့်နောင်အငူအထိ ၁၃၈၅မိုင်ရှည်လျားသည်။ ကမ်းရိုးတန်းနှင့် ကမ်းခြေတို့မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၀၀၀ကျော် တည်ရှိပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဗဟိုအချက်အချာကျသော တည်နေရာ၊ သင့်တင့်မျှတသော ရာသီဥတု၊ ဖြစ်ထွန်းကြွယ်ဝနေသည့် မြေပေါ်မြေအောက် သဘာဝသယံဇာတများနှင့် လူ့အရင်းအမြစ်များစသည့် အခြေခံလက္ခဏာကောင်းများနှင့် ပြည့်စုံနေပေရာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် နိုင်ငံတော်၏ အရေးအကြီးဆုံးသော အမျိုးသားရေးဦးတည်ချက်ပင် ဖြစ်ပါသည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်"ဟူသော အိမ်ထောင်စုကြီးဝယ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဂုံမိဂျော၊ ဝ၊ ပလောင်၊ လီဆူး၊ နာဂ၊ ရဝမ်၊ အခါ၊ ဓနု၊ ပအိုးဝ်၊ ကယန်း၊ မြို၊ တောင်ရိုး စသည့် တိုင်းရင်းသားသွေးချင်း မျိုးနွယ်ပေါင်း တစ်ရာကျော်သည် နှစ်ပေါင်းထောင်နှင့်ချီ၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပါသည်။ ကိုးကွယ်မှု၊ ယဉ်ကျေးမှု ဓလေ့စရိုက်များ ကွဲပြားခြားနားသော်လည်း ရဲရင့်တည်ကြည်၍ ရိုးသား၊ ယဉ်ကျေးသော စိတ်ထားနှင့်တကွ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုတို့အပေါ် အခြေခံခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သည်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ တောင်ငူ၊ ကုန်းဘောင်၊ ရတနာပုံခေတ်များ စဉ်ဆက်တစ်လျှောက်လုံး မိမိတို့၏ ထီးနန်းနှင့် အချုပ်အခြာအာဏာ၊ ဥပဒေ၊ စာပေ၊ ယဉ်ကျေးမှုတို့ဖြင့် အခိုင်အမာနေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ သမိုင်းစဉ်တွင် ပုဂံခေတ် အနော်ရထာမင်းတရားကြီးသည် ပထမမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း၊ တောင်ငူခေတ် ဘုရင့်နောင်မင်းတရားကြီးသည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကိုလည်းကောင်း၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးသည် တတိယမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုအားဖြင့် ထူထောင်ခဲ့ကြသည့် အစဉ်အလာကိုလည်း အခိုင်အမာ တွေ့မြင်နိုင်ကြပေသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွင်လည်း နယ်ချဲ့တို့၏လက်အောက်မှ လွတ်မြောက်နိုင်ရေးအတွက် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့် ခုခံတော်လှန်၍ ကြိုးပမ်းခဲ့ကြရသည်။ နယ်ချဲ့တို့က ကျွန်သက်ရှည်စေရေး မဟာစီမံကိန်းချမှတ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ဖန်တီးမှုများ၊ ပြည်မနှင့်တောင်တန်း သွေးခွဲသပ်လျှို အုပ်ချုပ်၍ အချင်းချင်း သံသယပွား၊ အာဃာတတရားထားရှိစေရန် လုပ်ဆောင်မှုများကိုလည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ကြံ့ကြံ့ခံခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့သည် မြန်မာနိုင်ငံအား မဖြစ်မနေ လွတ်လပ်ရေး ပေးရတော့မည့်အခြေ ဆိုက်ရောက်နေသည့်တိုင် တောင်တန်းဒေသများကို ချန်လှပ်၍ ပြည်မကိုသာ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့သော အခါတွင်လည်း ပြည်ထောင်စုသားတို့က မခွဲခြားသော လုံးဝလွတ်လပ်ရေးကိုသာရယူလိုကြောင်း၊ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံမြေ၌ အင်တိုက်အားတိုက် ပြသခဲ့ကြသည်။ ဤပင်လုံမြေမှ အခြေပြု၍ နှစ်တစ်ရာကျော် နှံ့နှစ်နေခဲ့သော မြန်မာ့လွတ်လပ်ရေးကို ပြည်ထောင်စုအားမာန်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။ မြန်မာ့လွတ်လပ်ရေးကို ပင်လုံမြေတွင် သန္ဓေတည်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်စွမ်းပကားဖြင့် ရယူနိုင်သကဲ့သို့ နိုင်ငံတော်ကို ဆက်လက်ကာကွယ်စောင့်ရှောက်ရာတွင်လည်း ပြည်ထောင်စုသားအားလုံး၏ စည်းလုံးမှုအင်အားဖြင့်သာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြမည် ဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အတွက် ပေးပို့သောသဝဏ်လွှာတွင်- **"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အားချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျခဲ့သည်ကိုလည်းကောင်း သမိုင်းသင်ခန်းစာအဖြစ် ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေးတို့ကို အဓိကဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ခဲ့သည်"** ဟု ဖော်ပြထားပါသည်။

တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ရယူပြီးနောက် အမျိုးသားစည်းလုံးညီညွတ်ရေးကို အလေးထားတည်ဆောက်ခဲ့ပါသည်။ လွတ်လပ်ရေးရရှိပြီးနောက် နှစ်ပေါင်း ၄၀ကျော်ကြာမြင့်ခဲ့သည့် ပြည်တွင်းပဋိပက္ခများ ပြေငြိမ်းမှု ရရှိခဲ့ပါသည်။ တပ်မတော်အစိုးရလက်ထက်တွင် တောတွင်း လက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များစွာတို့နှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပြည်ထောင်စုစနစ်ဖြင့် ဆောင်ရွက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသွားရန်၊ ဈေးကွက် စီးပွားရေးစနစ် ဖော်ဆောင်ရန် ဦးဆောင်ကြိုးပမ်း ဖော်ဆောင်လျက်ရှိပေသည်။

ဤသို့ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းချက်များတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အားစိုက်ခွန်စိုက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သို့မှသာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်သာယာမည် ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အဆင့်ဆင့်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၂ခုနှစ် စက်တင်ဘာလ ၂၄ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန် ၁၉၉၄ခုနှစ် ဇန်နဝါရီလ ၃၀ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဝင်ဒေသ (၂၂)ခု သတ်မှတ်ထားသည်။ ယင်းဒေသများ၏ အကျယ်အဝန်းမှာ ၈၃၄၁၅ဒသမ ၃၄စတုရန်းမိုင်ရှိပြီး မြို့နယ်ပေါင်း ၆၈မြို့နယ် ပါဝင်ပါသည်။ ထို့ပြင် နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းကိုလည်း ချမှတ်ကာ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

နယ်စပ်ဒေသများ၌ ကိုလိုနီစနစ် အမွေဆိုးအဖြစ် နှစ်ပေါင်း (၁၀၀) ကျော် အမြစ်တွယ်ခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ချုပ်ငြိမ်းအောင် နိုင်ငံတော်က ဦးဆောင်၍ (၁၅)နှစ်စီမံကိန်း ရေးဆွဲကာ အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်ခဲ့ပါသည်။ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်ခဲ့သည့် ဒေသခံပြည်သူများ အစားထိုးဝင်ငွေရရှိရေးအတွက် ၁၉၉၉-၂၀၀၀ မှစ၍ အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၄ခုနှစ်တွင် တစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ကင်းစင်စေရန် ရည်မှန်းချက်ထား၍ ဖော်ဆောင်လျက်ရှိပေသည်။

ပြည်ထောင်စု အမျိုးသားစီးပွားရေးဘဝ အခြေခိုင်မာစေရန် ရည်သန်၍ သဘာဝသယံဇာတ၊ လူ့စွမ်းအားအရင်းအမြစ် သယံဇာတ၊ လူဖန်တီးသော သယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချလျက်ရှိပေရာ အောင်မြင်မှုပြယုဂ်များစွာလည်း ပေါ်ထွန်းခဲ့ပြီးဖြစ်သည်။

မျက်မှောက်နိုင်ငံတော်၏ တစ်ခွင်တစ်ပြင်သို့ ရှုမျှော်၍ကြည့်ပါလေ။ ရှုလေရာ ပြည်တစ်ခွင်ဝယ် မည်သည့်ခေတ်အခါကမှ မပေါ်ထွန်းခဲ့သော တိုးတက်ထွန်းကားမှုအဖုံဖုံကို လက်တွေ့သိရှိခံစားနိုင်ကြမည် ဖြစ်သည်။ နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်မှုကဏ္ဍဖြစ်သည့် လယ်ယာကဏ္ဍတွင် အသားတင်စိုက်ပျိုးမြေ ၅၆ဒသမ ၉သန်း၊ မြစ်ရေတင် စီမံကိန်း ၃၂၂ခု၊ ရေလှောင်တမံစီမံကိန်း ၂၂၈ခု၊ မြေအောက်ရေရရှိရေးအတွက် ရေတွင်း ၈၀၀၁တွင်း ရှိခဲ့ပြီဖြစ်သည်။ စက်မှုကဏ္ဍတွင် စက်မှုဇုန် ၁၈ဇုန် တည်ထောင်ပေးနိုင်ခဲ့ပြီး နိုင်ငံပိုင်စက်ရုံ ၇၆၈ရုံနှင့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ ၁၁၈၀၀၀ကျော်အထိ တိုးတက်ခဲ့ပါသည်။ ကျေးလက်မြို့ပြမကျန် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများမှာလည်း တိုးတက်ဖွံ့ဖြိုးလျက်ရှိပေရာ ယခုအခါ လမ်းမိုင်ပေါင်း ၄၁၇၀၀ကျော်၊ ကျေးလက်လမ်းမိုင်ပေါင်း ၃၉၄၀၀ကျော်၊ မီးရထားလမ်း သံလမ်းမိုင် ၄၃၃၈မိုင် ရှိခဲ့ပြီး ဖြစ်သည်။ ထို့ပြင် မြစ်ကူးတံတားကြီး ၁၈စင်း၊ ပေ ၁၈၀အထက် ကားလမ်းတံတား ၂၃၃စင်း၊ ရထားလမ်း တံတားပေါင်း ၅၅စင်း၊ လေယာဉ်ကွင်း ၃၇ကွင်းရှိခဲ့ပြီးဖြစ်ရာ ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူချောမွေ့ရုံမျှသာမက ကုန်စည်စီးဆင်းမှု မြန်ဆန်ခြင်းနှင့် ဖွံ့ဖြိုးမှု အသီးအပွင့်များကို စတင်ခံစားနေရပြီဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာဝယ် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ဦးစားပေး ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော်ပြီး ပြည်ထောင်စုအနှံ့ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်၊ မြို့ပြ ဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းရေးတို့ကို စွမ်းဆောင်လျက်ရှိပါသည်။

ဤမျှသာမက အနာဂတ်နိုင်ငံတော်အတွက် အရေးအပါဆုံးသော ထုတ်လုပ်မှုအင်အားစုများဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ် ၁၅၉ခု ၊ အခြေခံပညာကျောင်းပေါင်း ၄၀၆၇၉ကျောင်း၊ မူလတန်းလွန်ကျောင်းပေါင်း ၆၆၀၁ကျောင်း၊ တွဲဖက်အလယ်တန်းနှင့် အလယ်တန်းကျောင်းခွဲပေါင်း ၁၇၂၃ကျောင်း၊ တွဲဖက်အထက်တန်းနှင့် အထက်တန်းကျောင်းခွဲပေါင်း ၁၀၉၂ကျောင်းအထိ ဖွင့်လှစ်ပို့ချပေးလျက်ရှိပေသည်။

၁၉၉၁ ခုနှစ် ဇွန်လ ၁၀ရက်နေ့တွင် စစ်ကိုင်းတိုင်း ရွာသစ်ကြီး၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ၂၀၀၀ပြည့်နှစ် ဇွန်လ ၁၅ရက်နေ့တွင် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် ဇူလိုင်လ ၁၂ရက်နေ့တွင် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)တို့ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံပေါင်း ၈၈၄ရုံ၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ် ၁၆ခုတို့ကို ဖွင့်လှစ်ပေးကာ ပြည်ထောင်စုသားတို့အား အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားစေခဲ့ပါသည်။

ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ယခုအခါ ကိုလိုနီလက်သစ်ဝါဒီတို့သည် ခေတ်သစ်နယ်ချဲ့ နည်းစနစ်မျိုးစုံ၊ ပရိယာယ်မျိုးစုံကို အသုံးပြုကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ထွန်းမှုများ အရှိန်နှောင့်နှေးစေရန် သွေးခွဲသပ်လျှိုမှုများ ပြုလုပ်လျက်ရှိပါသည်။

- **မိမိတို့ တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီးကို ထာဝရ တည်တံ့ခိုင်မြဲစေရန် မိမိတို့မှ မကာကွယ်လျှင် မည်သူကာကွယ် ပါအံ့နည်း။**

၂၀၁၀ ခုနှစ် (၆၃) နှစ်မြောက်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တို
အချုပ်အခြာအာဏာ တည်ဝ
ပြည်ထောင်စုတိုင်းရင်းသားအ

၂။ တိုင်းရင်းသား ပြည်သူများ
ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးရ
နှောင့်ယှက်ဖျက်ဆီးသည့်
အန္တရာယ်ကို တိုင်းရင်းသား
ကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ
စည်းကမ်းပြည့်ဝသည့် ဒီမိုက
တိုင်းရင်းသားအားလုံး အား

၅။ နိုင်ငံတော် ရှေ့ဆက်သွားမ
အကောင်အထည် ဖော်နိုင်ရေး
ဝိုင်းဝန်းကြိုးပမ်းရေး။

- **ပြည်ထောင်စုကြီး တည်ငြိမ်အေး တိုးတက်မှုအား နှောင့်ယှက်ဖျက်ဆီ အဖျက်အန္တရာယ်ကို မိမိတို့မှ မတားဆ အံ့နည်း။**

- **ပြည်ထောင်စု၏ ပင်ကို အမျိုးသာ မပျောက်ပျက်အောင် မိမိတို့မှ ထိန်းသိမ်းပါအံ့နည်း။**

ယနေ့ မျက်မှောက်ကာလတွင် ပြည်
ချစ်ကြည်ညီညွတ်ကာ ကိုယ်ခံအား တောင့်တ
ပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်
ကို သားစဉ်မြေးဆက် နှလုံးသွင်းကြမည်ဆိုပ
နှောင့်ယှက်လာမည့် မည်သည့် ပြည်တွင်း၊
တွန်းလှန်ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်
ညီအစ်ကိုများ၏ အမျိုးသားရေး ရည်မှန်းချက်

**တပ်မတော်အစိုးရ
နိုင်ငံတော်တာဝန်ကို မ
ညီညွတ်ရေးကို အလေ
နှစ်ပေါင်း ၄၀ကျော်ဖြ
ရရှိ။ တပ်မတော်အစိုး
(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်
ပြီး ဒေသခံတိုင်းရင်းသ
စေရန် ဆောင်ရွက်ခဲ့။
တိုးတက်စေရေးအတွ
စည်းကမ်းပြည့်ဝသည့်
စီးပွားရေးစနစ် ဖော်**

၂၀၁၀ ခုနှစ် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စည်းလုံးခြင်းသည်သာ

* ညီညာစုပေါင်း၊ ခင်ပွန်းကောင်းပီ
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
ဦးကျို့ ဒူးမထောက်၊ ဖျက်ရန်နှောက်ကို
ကြောက်ဖွယ်မရှိ၊ သွေးစည်းဘိလျက်
ထိုးနှက်တွန်းလှန်၊ ရန်တိုင်းအောင်ရ
ငါးရှငါးဆယ်၊ ဓာတ်တော်ဝယ်လျှင်
ကျီး ယင် ငှက် ဖား၊ ပေါင်းစုအားက
ဗလအားကိုး၊ ဆင်ဆိုး ဆင်မိုက်
ဦးစိုက်ချောက်ထဲ၊ သေပွဲဝင်အောင် တိုက်နိုင်ခဲ့....။

* ကာယဗလထက်၊ ဉာဏမိတ္တ
ဤဗလက၊ သာစွ ပိုစွ
အောင်ပွဲရသည်၊ ပြည်ထောင်စုသား
သွေးချင်းများလည်း၊ အားအင်အားကိုး
စိုးမိုးဗိုလ်ကျ၊ လောဘမီးမြိုက်
အတ္တမှိုက်နဲ့၊ နယ်ချဲ့ရန်လို
ရန်ပြုလိုသမျှ၊ တွန်းလှန်ကြလို့
ဒို့ပြည်ထောင်စု၊ ခိုင်မြဲမှုတွက်
ဆက်လက် စည်းလုံးနေရမည်....။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

- ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်အန္တရာယ်ကို မိမိတို့မှ မတားဆီးလျှင် မည်သူ တားဆီးပါအံ့နည်း။
- ပြည်ထောင်စု၏ ပင်ကို အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် မိမိတို့မှ မထိန်းသိမ်းလျှင် မည်သူ ထိန်းသိမ်းပါအံ့နည်း။

ယနေ့ မျက်မှောက်ကာလတွင် ပြည်ထောင်စုသားတို့ စည်းလုံးချစ်ကြည်ညီညွတ်ကာ ကိုယ်ခံအား တောင့်တင်းခိုင်မာရန် အရေးကြီးလှပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို သားစဉ်မြေးဆက် နှလုံးသွင်းကြမည်ဆိုပါက နိုင်ငံတော်ကို ထိပါးနှောင့်ယှက်လာမည့် မည်သည့် ပြည်တွင်း၊ ပြည်ပ အန္တရာယ်ကိုမဆို တွန်းလှန်ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ "ပြည်ထောင်စုဖွား ညီအစ်ကိုများ၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သော စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်အတွက် အမျိုးသားရေးတာဝန်များကို အတူကြိုးပမ်းထမ်းဆောင်ကြပါစို့" ဟု အလေးအနက် တိုက်တွန်းလိုက်ရပေသည်။ ။

ပြည်ထောင်စုနေ့ မြတ်မော်ကွန်း

- ➢ တိုင်းရင်းသားစုံပေါင်းဆုံတွေ့....
  "ပြည်ထောင်စုနေ့" ရောက်လို့လာ။
- ➢ ပြည်ထောင်စုဖွား ညီနောင်များ
  သွေးသားရင်းချာ။
- ➢ ထင်းစည်းပမာ....
  ကြံ့ခိုင်စွာ စည်းလုံး။
- ➢ လက်ရေ(ရည်) တစ်ပြင်တည်းသာပ
  အနာဂတ်ခရီး ပြိုင်တူချီလို့....
  ပြည်တွင်း, ပြည်ပ အဖျက်ရန်မှန်သမျှကို
  ဆုံးစချေမှုန်း။
- ➢ ဘယ်သူခွဲခွဲ, သွေးမကွဲ....
  အမြဲစည်းလုံးသည့် သားချင်းတွေ။
- ➢ "ဒို့တာဝန်အရေးသုံးပါး"....
  ဦးထိပ်ထားနေ။
- ➢ ပြည်ထောင်စုဖွားသားချင်းဆွေ....
  ကိုယ့်တိုင်းပြေ(ပြည်) ကိုယ်မြတ်နိုး။
- ➢ သေားပြောမယုံပြီ....
  သွေးပြောယုံကြည်လျက်....
  အမျိုးဂုဏ်, ဇာတိဂုဏ်နှင့်
  နိုင်ငံ့ဂုဏ်တိုးတက်ရေးအတွက်
  အဖျက်ရန်မှန်သမျှကို....
  မြူတစ်စမကျန်ရအောင်
  သမိုင်းနောင်အနာဂတ်တိုင်
  မြတ်မော်ကွန်းထိုး....။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုလျက်-

မြင့်မိုရ်ဦး (ပဲခူး)

တပ်မတော်အစိုးရသည် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ရယူပြီးနောက် အမျိုးသားစည်းလုံးညီညွတ်ရေးကို အလေးထားတည်ဆောက်ခဲ့။ လွတ်လပ်ရေးရရှိပြီးနောက် နှစ်ပေါင်း ၄၀ကျော်ကြာမြင့်ခဲ့သည့် ပြည်တွင်းပဋိပက္ခများ ပြေငြိမ်းမှုရရှိ။ တပ်မတော်အစိုးရလက်ထက်တွင် တောတွင်းလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များစွာတို့နှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့။ နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုစနစ်ဖြင့် ဆောင်ရွက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသွားရန်၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရန် ဦးဆောင်ကြိုးပမ်း ဖော်ဆောင်လျက်ရှိ။

ကာတွန်း-ရဲထက်

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း သုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ကြိုးပမ်းအားထုတ်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ယဉ်ကျေးမှု ဝန်ကြီးဌာနတွင် ခိုင်မာသည့် ရည်ရွယ်ချက်များ ချမှတ်ပြီး စာတမ်းဖတ်ပွဲများ ကျင်းပပေးခဲ့ရာ၌ ယခု စာတမ်းဖတ်ပွဲသည် (၁၄)ကြိမ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ယဉ်ကျေးမှုဝန်ကြီးဌာနအတွင်းတွင် စာတမ်း ဖတ်ပွဲများ ကျင်းပခြင်းအားဖြင့် သုတေသနဆိုင်ရာ အသစ်တွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်နိုင်သည့်အပြင်ဌာန အချင်းချင်း ပညာရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းနိုင်သည်နှင့်အမျှ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး သုတေသနအမြင် ရှင်သန်တိုးတက်မှု၊ မြန်မာ့သမိုင်းကို အသစ်တွေ့ အထောက်အထားများနှင့် "တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းဖော်ထုတ်နိုင်မှု" စသည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း၊ ယခုကျင်းပသည့် စာတမ်းဖတ်ပွဲမှာ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရေးအတွက် အခြေခံကျသည့် လုပ်ငန်းစဉ်အဖြစ် အလေးအနက်ခံယူ၍ ထိထိရောက်ရောက် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် မှာကြားကာ စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက စာတမ်းဖတ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖတ်ကြား

ထို့နောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်နှင့် ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်တို့က အလှည့်ကျ သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ ကထိက ဦးဝင်းကြိုင်က "အညာသားကျောက်ခေတ်လေ့ နယ်နိမိတ်တိုးချဲ့ခြင်းအထောက်အထားများ" စာတမ်းနှင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ ဒုတိယကျောင်းအုပ်ကြီး ဦးနိုင်ဝင်းက "၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဗိသနိုးမြို့ဟောင်း တူးဖော်မှုမှ တွေ့ရှိခဲ့ရသော ယဉ်ကျေးမှု အထောက်အထားများကို လေ့လာသုံးသပ်ခြင်း" စာတမ်းတို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေက "ဟန်လင်းကြေးခေတ်နှင့် ကျောက်ချောခေတ် သုတေသန" စာတမ်းနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်က "ပထမအကြိမ် ဝတီးမြို့ဟောင်း တူးဖော်မှု ၂၀၀၈-၂၀၀၉ခုနှစ်မှ ထူးခြားသော တွေ့ရှိချက် အထောက်အထားများ" စာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြသည်။

ဆွေးနွေးအကြံပြု

စာတမ်းများနှင့် စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရှေးဟောင်းသုတေသန ပညာရှင်များနှင့် သုတေသီများက ဆွေးနွေးအကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။ ယင်းနောက် ဝန်ကြီးက စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်များ အခြေခံမြားပစ်သင်တန်းနှင့် မြားပစ်ဒိုင်၊ နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ၏ ညွှန်ကြားမှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် တက္ကသိုလ်များ အခြေခံမြားပစ်သင်တန်းနှင့် မြားပစ်ဒိုင်၊ နည်းပြသင်တန်း သင်တန်းဆင်း လက်ရည်စစ်မြားပစ်ပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီခွဲက ကျိုက္ကဆံအမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တွင် ကျင်းပသည်။

သင်တန်းဆင်းလက်ရည်စစ် မြားပစ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ပထမ ဇော်မင်းထွန်း၊ ဒုတိယတင်ထွန်းသန်း၊ တတိယအောင်ကျော်ဇော၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမခင်ဖြူစောလင်း၊ ဒုတိယဆုရတနာလတ်၊ တတိယဇာခြည်ဦးတို့ ရရှိကြသည်။ ပြိုင်ပွဲအပြီးတွင် ဆုများချီးမြှင့်ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက အမျိုးသမီးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး အား/ကာ)က အမျိုးသားပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သင်တန်းဆင်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ရန်ကုန်ပညာရေးတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ်၊ တက္ကသိုလ်များ မြားပစ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာလွင်လွင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက အဆင့်မြင့် မြားပစ်သင်တန်း ဆက်လက် ဖွင့်လှစ်ရေးနှင့် မျိုးဆက်သစ် ကစားသမားများ ရွေးချယ်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ရည်ရွယ်ဖွင့်လှစ်

ယခုသင်တန်းကို ဒိုင်လူကြီး ရှစ်ဦး၊ နည်းပြ ခုနစ်ဦး၊ သင်တန်းသား ၂၇ဦး၊ သင်တန်းသူ ၄၂ဦး တက်ရောက်ကြပြီး လူငယ်သွေးသစ် အားကစားသမားများ ပေါ်ထွက်လာရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ခုနှစ်နှင့် ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ရရှိရေးကို ရည်ရွယ်၍ မျိုးဆက်သစ် မြားပစ်သမားများထွက်ပေါ်လာရန်အတွက် အဆင့်မြင့် မြားပစ်သင်တန်းကို အမြန်ဆုံးဖွင့်လှစ် သွားမည်ဖြစ်ပြီး ယခုသင်တန်းမှ အမျိုးသား ၁၅ဦး၊ အမျိုးသမီး ၁၆ဦး တက်ရောက်ခွင့်ရရှိထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်ပညာရေးတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် တက္ကသိုလ်များမြားပစ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာလွင်လွင်စိုးက သင်တန်းဆင်းလက်မှတ် ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၇ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၄၀မိနစ် ဝ၃စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၁၉၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(ယူကျူကျွန်းစု)တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၆အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

စားဝတ်နေရေး ပြည့်စုံရေး မီးဘေး မပေါ့နှင့်

မင်းပြားမြို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၇

ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၁နာရီ ၁၅မိနစ်ခန့်တွင် ရခိုင်ပြည်နယ် မင်းပြားမြို့ အောက်ရွာပိုင်းရပ်ကွက် အောင်သစ္စာလမ်းရှိ နေအိမ်တစ်အိမ်၏ မီးဖို မီးကြွင်း မီးကျန်မှ မီးစတင်လောင်ကျွမ်းပြီး မွန်းလွဲ ၁နာရီ မိနစ် ၄၀ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၁၅လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၅စု အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပရီမီယာလိဂ် ဖောင်ပိတ်သတင်း

ချယ်လ်ဆီးတို့ ဇယားထိပ်ပြန်ရောက် အာကြီးနှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံ

မြင့်မောင်စိုး ➤ စုစည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၇

ပရီမီယာလိဂ် ပွဲစဉ်(၂၅) လက်ကျန်ပွဲများကို ဖေဖော်ဝါရီ ၇ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာမင်ဂမ်က အိမ်ကွင်း၌ ဝူလ်ဗာဟမ်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အမှတ်ပေး ဇယားနံပါတ်ရှစ်နေရာသို့ ရောက်ရှိလာသည်။

ဆက်တိုက်ဂိုးသွင်း

ဝူလ်ဗာဟမ်တန်တို့ အဝေးကွင်းကစားရသော်လည်း အဖွင့်ဂိုးကို တိုက်စစ်မှူး ဒွိုင်လီက ပထမပိုင်းပွဲပြီးရန် သုံးမိနစ်အလိုတွင် သွင်းယူခဲ့သည်။ အိမ်ရှင် ဘာမင်ဂမ်တို့ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာမင်ဂမ်တိုက်စစ်မှူး ဖိလစ်က ပွဲချိန် မိနစ် ၈၀တွင် တစ်ဂိုး၊ ၈၅မိနစ်၌ တစ်ဂိုး ဆက်တိုက်ဂိုးသွင်းယူလိုက်သဖြင့် ဝူလ်ဗာဟမ်တန်တို့ အနိုင်မှအရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

ချယ်လ်ဆီး-အာဆင်နယ်

ပရီမီယာလိဂ်ထိပ်သီး ချယ်လ်ဆီးတို့ အိမ်ကွင်း၌ အာကြီးကို လက်ခံကစားခဲ့ရာ ပထမပိုင်းတွင် တိုက်စစ်မှူးဒရော့ဘာ၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ပွဲစသည်နှင့် နှစ်သင်းစလုံး အနိုင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲစပြီး မကြာမီ အာကြီးမှ အာရှာဗင် သွင်းယူသောဂိုး ချယ်လ်ဆီးဂိုးသမား ပီတာဆက် ကာကွယ်ပေးနိုင်ခဲ့၍ ချယ်လ်ဆီးတို့ တစ်ဂိုးသက်သာရ ရသွားသည်။ သို့သော် ပွဲချိန် ၈မိနစ်တွင် တိုက်စစ်မှူး ဒရော့ဘာက မာလူဒါ၏ ထောင့်ကန်ဖြတ်တင်ဘောမှတစ်ဆင့် အနီးကပ်ဂိုး သွင်းယူသွားသည်။ ပွဲချိန် ၂၃မိနစ်တွင် တိုက်စစ်မှူး ဒရော့ဘာကပင် အာဆင်နယ်နောက်တန်းလူ နှစ်ဦးကို လိမ်ခေါက်ပြီး ဘယ်ခြေဖြင့် ကန်သွင်းရာ ဂိုးဝင်သွားခဲ့သည်။

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးဒရော့ဘာက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ရှုံးပွဲကြုံ

ဒုတိယပိုင်းတွင် အာကြီးတို့က ချေပဂိုးသွင်းနိုင်ရန် အကြိတ်အနယ် ကြိုးစားခဲ့သော်လည်း ဂိုးမရဘဲ ပွဲသိမ်းခဲ့ရသည်။ အာကြီးတို့ ပြီးခဲ့သော ပွဲစဉ်(၂၄)တွင် အိမ်ကွင်း၌ မန်ယူကို ရှုံးနိမ့်ခဲ့သဖြင့် ယခုပွဲအပါအဝင် နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့ရသည်။

ပွဲစဉ်(၂၅)အပြီး ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၂၅	၁၈	၄	၃	၅၈
၂	မန်ယူ	၂၅	၁၈	၂	၅	၅၆
၃	အာဆင်နယ်	၂၅	၁၅	၄	၆	၄၉
၄	လီဗာပူး	၂၅	၁၃	၅	၇	၄၄
၅	စပါး	၂၅	၁၂	၇	၆	၄၃
၆	မန်စီးတီး	၂၃	၁၁	၈	၄	၄၁
၇	အက်စ်တွန်ဗီလာ	၂၄	၁၁	၈	၅	၄၁
၈	ဘာမင်ဂမ်	၂၄	၁၀	၇	၇	၃၇
၉	အဲဗာတန်	၂၄	၈	၈	၈	၃၂
၁၀	ဖူလ်ဟမ်	၂၅	၈	၇	၁၀	၃၁
၁၁	စတုတ်	၂၃	၇	၈	၈	၂၉
၁၂	ဘလက်ဘန်း	၂၅	၇	၇	၁၁	၂၈
၁၃	ဆန်းဒါးလန်း	၂၄	၆	၇	၁၁	၂၅
၁၄	ဟူးလ်စီးတီး	၂၅	၅	၉	၁၁	၂၄
၁၅	ဘန်လေ	၂၄	၆	၅	၁၃	၂၃
၁၆	ဝီဂန်	၂၃	၆	၅	၁၂	၂၃
၁၇	ဘော်လ်တန်	၂၃	၅	၇	၁၁	၂၂
၁၈	ဝက်စ်ဟမ်း	၂၄	၄	၉	၁၁	၂၁
၁၉	ဝူလ်ဗာဟမ်တန်	၂၄	၅	၆	၁၃	၂၁
၂၀	ပို့စ်မောက်	၂၄	၄	၃	၁၇	၁၅

(အင်တာနက်)

အကယ်ဒမီများပြောတဲ့ အကယ်ဒမီအကြောင်း

စေ့ငုမေးမြန်းသူ-မြင့်မောင်စိုး ➢ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း) ➢စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)သည် မြန်မာ့ရုပ်ရှင်လောကသားများအတွက် အလိုအပ်ဆုံးအရာဖြစ်သည်။ မြန်မာ့ရုပ်ရှင်လောကသား တစ်ဦးအနေဖြင့် ဤအကယ်ဒမီဆုကို လွယ်လွယ်ကူကူဖြင့် ဆွတ်ခူးရန် မလွယ်လှပေ။ ရရှိရန်လည်း ဘက်ပေါင်းစုံကောင်းမှ ဆုဆွတ်ခူးနိုင်ပေလိမ့်မည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)သည် ဝတ္ထု၊ ဇာတ်ညွှန်းကျောရိုးခိုင်မာခြင်း၊ လူမှုဘဝရသကို ပေါ်လွင်စေပြီး တိုင်းကျိုးပြည်ပြု ဇာတ်ကားတစ်ကားဖြစ်ခြင်း၊ မြန်မာ့လူမှုဘဝကို ထင်ဟပ်ပေါ်လွင်စေခြင်း၊ ရုပ်ရှင်ပညာရပ်ပိုင်းဆိုင်ရာများ ထိထိမိမိ ရသမြောက်စွာ တင်ပြနိုင်ခြင်းတို့မှာ အကယ်ဒမီဆု ဆွတ်ခူးနိုင်မည့် အခြေခံအကြောင်းတရားများပင် ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ကို နှစ်စဉ်ပြန်ကြားရေးဝန်ကြီးဌာနက တစ်နှစ်တာ အကောင်းဆုံးဇာတ်ကားများထဲမှ စိစစ်ရွေးချယ်ပြီး ဆုများချီးမြှင့် ပေးအပ်လျက်ရှိသည်။ ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု(အကယ်ဒမီ) ပေးပွဲကြီးကို နေပြည်တော်၌ ဖေဖော်ဝါရီ ၆ရက် ညပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲသို့ တက်ရောက်ပြီး အကယ်ဒမီဆု ဆွတ်ခူးရရှိခဲ့ဖူးသော ဝါရင့်ဒါရိုက်တာနှင့် ရုပ်ရှင်သရုပ်ဆောင်အချို့အား တွေ့ဆုံကာ အကယ်ဒမီဆုဆွတ်ခူးရခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းစေ့ငုခဲ့သည်။

"ဇာတ်ကား တစ်ကားဟာ အနုပညာရသမြောက်ဖို့ လိုအပ်ပါတယ်"
အကယ်ဒမီဒါရိုက်တာ ပန်းချီစိုးမိုး။

ဒါရိုက်တာ

ရှေးဦးစွာ ဒါရိုက်တာပန်းချီစိုးမိုးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ပန်းချီစိုးမိုးသည် ၂၀၀၂ခုနှစ်က ငါးသူတစ်ပါးယောက်ျား မိန်းမ ဆေးရောင်စုံ ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆု ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဒါရိုက်တာ ပန်းချီစိုးမိုးက "ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်တဲ့ နေရာမှာ ရုပ်ရှင်အတတ်ပညာနဲ့ ပေါင်းစပ်ထားတဲ့ အနုပညာဂုဏ်မြောက်ရမယ်။ လူသားအကျိုးပြုကား ဖြစ်ရမယ်။ တိုင်းကျိုးပြည်ပြုဖြစ်ရမယ်။ စေတနာ၊ ဝါသနာကို အခြေခံပြီး ပရိသတ်ကို တစ်စုံတစ်ရာ အကျိုးကျေးဇူးပေးစွမ်းနိုင်သော ဇာတ်ကား ဖြစ်ရမယ်။ စာပေနဲ့ ရသဂုဏ်ကိုလည်း ပေးစွမ်းနိုင်စွမ်းရှိဖို့ လိုပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အကယ်ဒမီထွန်းထွန်းဝင်း

ဆက်လက်၍ အကယ်ဒမီထွန်းထွန်းဝင်းနှင့် တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ အကယ်ဒမီထွန်းထွန်းဝင်းသည် ၁၉၉၉ ခုနှစ်က နှောင်ထုံးဖွဲ့မေတ္တာဇာတ်ကားဖြင့် အမျိုးသားဇာတ်ပို့ဆု ဆွတ်ခူးနိုင်ခဲ့သော အကယ်ဒမီဆုရှင်ဖြစ်သည်။

အကယ်ဒမီ ထွန်းထွန်းဝင်းက "ဒီဆုဟာ ရုပ်ရှင်လောကသားတွေအတွက်တော့ အမြင့်ဆုံးဆုပါ။ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအနေနဲ့ ဒီဆုကို မက်မောကြပါတယ်။ အကယ်ဒမီဆု ရခဲ့ရင်လည်း ပရိသတ်ရဲ့ ချစ်ခင်အားပေးမှု၊ အသိအမှတ်ပြုမှုတွေ ပို၍ ရရှိလာပါတယ်။ ဒါ့အပြင် ရုပ်ရှင်လောကမှာလည်း ပို၍ အောင်မြင်ဖို့ ခွန်အားတွေ ဖြစ်လာပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"အကယ်ဒမီဆိုတာ ရုပ်ရှင်လောကသားများအတွက် အလိုအပ်ဆုံး အရာပါ"
အကယ်ဒမီ ထွန်းထွန်းဝင်း။

အကယ်ဒမီခင်မောင်ကြီး

တစ်ဖန် ရုပ်ရှင်တေးဂီတဆုဖြင့် အကယ်ဒမီရရှိဖူးသည့် ဂီတမှူးခင်မောင်ကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ အကယ်ဒမီခင်မောင်ကြီးသည် ၂၀၀၂ခုနှစ်က ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ ဇာတ်ကားဖြင့် ရုပ်ရှင်တေးဂီတဆွတ်ခူး နိုင်ခဲ့ပြီး ၂၀၀၅ခုနှစ်၌ ကျွန်စစ်မင်း ဆေးရောင်စုံဇာတ်ကားဖြင့်လည်း တေးဂီတဆု ထပ်မံဆွတ်ခူးခဲ့သူဖြစ်သည်။

အကယ်ဒမီခင်မောင်ကြီးက "ရုပ်ရှင်ကားတစ်ကားကောင်းဖို့ဆိုတာ နောက်ခံတေးဂီတက အရေးကြီးပါတယ်။ ဒီနောက်ခံတေးဂီတကပဲ ဇာတ်လမ်းရဲ့ အထွတ်အထိပ်ကို တွန်းပို့နိုင်စွမ်း ရှိပါတယ်။ တကယ်တော့ ရုပ်ရှင်တေးဂီတမှူးကောင်း တစ်ဦးဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ ဇာတ်ကားတစ်ကားမှာပါတဲ့ ဇာတ်ကွက်တိုင်းမှာ သင့်တော်ရာ တီးလုံးတီးကွက်တွေကို ဖြည့်စွက်ရပါတယ်။ ဒီလို တီးခတ်နိုင်ဖို့ဆိုတာလည်း ဇာတ်လမ်းနဲ့ လိုက်ဖက်ညီတဲ့ တီးလုံးတီးကွက်တွေကို နားလည်သဘောပေါက်ထားဖို့ လိုပါတယ်။ ဒါမှ ဇာတ်လမ်းရဲ့ ဇာတ်ရှိန်ကို မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်"ဟု အကယ်ဒမီ ခင်မောင်ကြီးက မြန်မာ့အလင်းသို့ စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"သရုပ်ဆောင်ကောင်းဖြစ်ဖို့ အလွန်ကြိုးစားရပါတယ်"
အကယ်ဒမီ ခင်သီတာထွန်း။

အကယ်ဒမီခင်သီတာထွန်း

အကယ်ဒမီ ခင်သီတာထွန်းသည် လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြားခဲ့သည့် အကယ်ဒမီများရှင်တစ်ဦးဖြစ်သည်။ အကယ်ဒမီ ခင်သီတာထွန်းသည် ၁၉၇၈ ခုနှစ်က တစ်ခါကတစ်ဘဝ ဇာတ်ကားဖြင့်လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ဣတ္ထိယခေါ် မိန်းမတို့သည် ဇာတ်ကားဖြင့်လည်းကောင်း၊ ၁၉၈၅ ခုနှစ်၌ ပန်းသီတဲ့ကြိုးဇာတ်ကားဖြင့်လည်းကောင်း အကယ်ဒမီဆုများ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အကယ်ဒမီခင်သီတာထွန်းက "သရုပ်ဆောင်ကောင်း မင်းသမီးတစ်ယောက်ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။ အလွန်ကြိုးစားရပါတယ်။ ဒီထက် ပိုခက်တာက အကယ်ဒမီဆုရဖို့ဆိုတာ မလွယ်ပါဘူး။ ဇာတ်ကားတစ်ကားမှာ ကျရာဇာတ်ရုပ်ကို ပီပြင်အောင် သရုပ်ဆောင်နိုင်အောင် အကောင်းဆုံး သဘာဝကျကျ လေ့ကျင့်အားထုတ်ကြရပါတယ်။ ဒါမှ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်လာမှာပါ။ ၂၀၀၉ခုနှစ်အတွက် ပေးမယ့်ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ ရင်ခုန်စရာ တစ်ကားတော့ရှိပါတယ်။ ဒီဇာတ်ကားက မိုးညအိပ်မက်မြူဇာတ်ကားဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အကယ်ဒမီရန်အောင်

အကယ်ဒမီရန်အောင်သည် ၁၉၉၁ ခုနှစ်က မယ်သီတာလိုမိန်းကလေး၊ ၁၉၉၅ ခုနှစ်တွင် ပုဂံမှာသာတဲ့လ၊ ၁၉၉၆ခုနှစ်၌ အလင်းဖျော့ကောင်းကင်၊ ၁၉၉၈ခုနှစ်တွင် ညမင်းသား၊ ၂၀၀၀ပြည့်နှစ်၌ မောဟမျှင်းပြိုင်များ၊ ၂၀၀၆ခုနှစ်တွင် ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကားများဖြင့် အကယ်ဒမီဆုခြောက်ဆု ဆွတ်ခူးနိုင်ခဲ့သော အကယ်ဒမီများရှင်ဖြစ်သည်။



"ဇာတ်ကားတိုင်းမှာ ကြိုးစားခဲ့ရပါတယ်"
အကယ်ဒမီရန်အောင်။

အကယ်ဒမီရန်အောင်က "ကားတိုင်း ကျရာအခန်းက ကြိုးစားရပါတယ်။ ဘယ်ကားကို အကယ်ဒမီရအောင် ရိုက်မယ်ဆိုတာတော့ မရှိပါဘူး။ လောလောဆယ် အချစ်ကွိုင်ဇာတ်ကားကြီး ရိုက်နေပါတယ်"ဟု အကယ်ဒမီရန်အောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

စေ့ငုတင်ပြ

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ကို ဆွတ်ခူးနိုင်ရန် ရုပ်ရှင်လောကသားများအနေဖြင့် ကျရာဇာတ်ကားတိုင်းမှာ အကောင်းဆုံးဖြစ်အောင် ရိုက်ကူးရကြောင်း၊ လူသားအကျိုးပြု ဇာတ်ကားကောင်းများ ပေါ်ထွက်ရေးအတွက်လည်း ကြိုးစားရကြောင်း အကယ်ဒမီဆုများ ဆွတ်ခူးခဲ့သော အကယ်ဒမီများ၏ အကယ်ဒမီများအကြောင်း တစေ့တစောင်း စေ့ငုတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ပြည်တွင်းအခွန်များဦးစီးဌာန (မန္တလေး) ကွန်ပျူတာအခြေခံသင်တန်းဆင်း

မန္တလေး ဖေဖော်ဝါရီ ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက် ၉နာရီက မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲညွှန်ကြားရေးမှူး ဦးညွန့်တင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းတွင် ဆုရရှိသော မန္တလေးတိုင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ ပထမဆုရ အကြီးတန်းစာရေး ဒေါ်သီတာအေး၊ မကွေးတိုင်း ပခုက္ကူမြို့နယ်မှ ဒုတိယဆုရ အငယ်တန်းစာရေး ဦးအောင်ဟန်စိုး၊ မကွေးတိုင်း အောင်လံမြို့နယ်အခွန်ရုံးမှ တတိယဆုရ အငယ်တန်းစာရေး ဦးသက်အောင်တို့အား ဆုများချီးမြှင့်၍ သင်တန်းသား ခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

(ပြည်တွင်းအခွန်များဦးစီးဌာန)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတွက်စားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ (၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ မြောင်းမြမြို့ရဲ့ ကျက်သရေဆောင် ကံကြီးတံတားက အလှဂုဏ်ဆောင်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၁၅ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄:၂၅ ၄။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၄၀ ၅။ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ရူပဗေဒဘာသာရပ်)
- ၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၅:၃၅ ၈။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၉။ ရုပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၄၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၃၂)
- ၇:၃၀ ၁၄။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာဒို့ဝန်တာ** (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (အပိုင်း-၂၃)
- ၁၉။ **သုခုမရင်ပြင်**
- ၂၀။ အစီအစဉ်ပြီး၏။

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

မြင်းတန်းခုန်စီးပြိုင်ပွဲနှင့် မြင်းဒုန်းစီး ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်နှင့် Myanmar Brewery Ltd. မှ ထုတ်လုပ်သော Baron's တို့ ပူးပေါင်းကျင်းပမည့် Baron's Cup 2010 မြင်းတန်းခုန်စီးပြိုင်ပွဲနှင့် မြင်းဒုန်းစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း) ပင်လုံလမ်းနှင့် ပြည်ထောင်စုလမ်းဆုံရှိ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တွင် ကျင်းပသွားမည်ဖြစ်သည်။

ချီးမြှင့်

အဆိုပါ ပြိုင်ပွဲတွင် အလွတ်တန်းမြင်းတန်းခုန်စီးပြိုင်ပွဲနှင့် အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း မြင်းဒုန်းစီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ပြီး မြင်းဒုန်းစီး အကြီးတန်းပြိုင်ပွဲ၌ ပထမကျပ် ငါးသိန်း၊ ဒုတိယ ကျပ်သုံးသိန်း၊ တတိယကျပ် နှစ်သိန်း၊ အလတ်တန်းပြိုင်ပွဲ၌ ပထမ ကျပ်သုံးသိန်း၊ ဒုတိယ ကျပ်နှစ်သိန်း၊ တတိယ ကျပ်တစ်သိန်း၊ အငယ်တန်းပြိုင်ပွဲ၌ ပထမ ကျပ်နှစ်သိန်း၊ ဒုတိယ ကျပ်တစ်သိန်း၊ တတိယ ကျပ်ငါးသောင်း၊ မြင်းတန်းခုန်စီး အလွတ်တန်းပြိုင်ပွဲ၌ ပထမ ကျပ်နှစ်သိန်း၊ ဒုတိယ ကျပ်တစ်သိန်းနှင့် တတိယကျပ်ငါးသောင်းကို ချီးမြှင့်သွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်နှင့် ဖုန်း-၅၈၄၉၆၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်း နေပြည်တော်လယ်ဝေး၌ အသိပညာပေး ဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီတို့၏ အစီအစဉ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၄ရက် ည ၇နာရီက နေပြည်တော် လယ်ဝေး ဗောဓိကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ခင်မောင်တင့် **(အပေါ်ပုံ)**က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများနှင့် နေပြည်တော်ခရိုင်တွင် ၂၀၀၉ ခုနှစ်အတွင်း မော်တော်ယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာရ သေဆုံးမှု အခြေအနေများကို ရှင်းလင်းပြောကြားဆွေးနွေးရာ ကျေးရွာပြည်သူ ၂၅၀ ခန့်တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀ ကုန်ပစ္စည်းစုံ ခင်းကျင်းရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၇

IEMS Company Limited က စီစဉ်ကျင်းပသည့် အိမ်ရာအဆောက်အအုံပြပွဲ-၂၀၁၀ (Housing & Building - 2010) ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်၇နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

ပြပွဲကို IEMS Company Limited မန်နေဂျင်း ဒါရိုက်တာ ဦးသက်လွင်ရွှေနှင့် ဧည့်သည်တော်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များ၊ တာဝန်ရှိသူများသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုလေ့လာနိုင်

အဆိုပါပြပွဲတွင် TMW Enterprise မှ INAXကြွေပြား၊ ကျောက်ပြားများ၊ Sanyo မှ Sosuco ကြွေပြားများ၊ Champion Construction Material မှ အိမ်ခန်းသုံးပစ္စည်းများနှင့် အလှဆင်ပစ္စည်းများ၊ Regency မှ Midea Lighting အလှဆင်မီးသီးနှင့် မီးဆိုင်းများ၊ Octagon Int'l Co.,Ltd.မှ Giant Elevator များ၊Asia Metal Co.,Ltd.မှ ဆောက်လုပ်ရေးသုံး Metal နှင့် Metal Structure များ၊ Shine Construction & Hyundai Elevator၊ Naing Construction၊ Mother Land Group Construction နှင့် Asterism International မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ရာပုံစံနှင့် အရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင်လုပ်ငန်းများ၊ High Tech မှ Concrete နှင့် ဆက်စပ်ပစ္စည်းများ၊ Tiger၊ Suntac Tech နှင့် Zaw & Hnin Co.,Ltd. မှ Water Proofing & Construction Chemicals များ၊ Rhythm မှ ကမ္ဘာ့နံပါတ်တစ် ခေတ်မီဆန်းသစ်သော နာရီအမျိုးမျိုး၊ T & Y Group မှ Landscape လုပ်ငန်းများ၊ Tet Thit Oo Trading မှ (Unaxol) Water Based Wood Lacquer များ၊ TWJS Co., Ltd. (Hometex)၊ Seamaster၊TOA နှင့် Nippon Paint မှ အရည်အသွေးမြင့် အိမ်သုတ်ဆေးများ၊ Golden Hook Co.,Ltd. မှ izen တံဆိပ် အဆင့်မြင့် အီလက်ထရွန်နစ်စနစ်သုံး ဘိုထိုင်ခုံများ၊ Lucky Bird နှင့် NCTC Computer မှ နောက်ဆုံးပေါ် Projector၊ Copier နှင့် Laptop များ၊ MNZ မှ ငွေရေစက်များ၊ Zin 9 Group မှ Digital ချိန်ခွင်များ၊ Golden Power မှ နိုင်ငံတကာအဆင့်မီကြေးနီ ၉၉.၉၉% RR Cable နှင့် Classic Cable၊ Cupid Furniture၊ Universal Furniture၊ Three Red Stars၊ Uniteak၊ Scence၊Timber Land Furniture၊ Ocean Glory၊ MK Winner Furniture နှင့် Gold Coil မှ ခေတ်မီဆန်းသစ်သော Luxury ပရိဘောဂများ၊ Tharaphee မှ Korea Laminate Floor များ၊ Parami၊ Sin Pauk Trading မှ ဗီနိုင်းကြမ်းခင်းများ၊D & D Co.,Ltd. မှ Interior Decoration ပြခန်းများ၊ 133 Builder's Hardware's မှ Japan နိုင်ငံထုတ် Sliding Door Closer System များ၊Aluminium Empire မှ Aluminium Composite Panel များ၊ Olympic ၊ IEMနှင့် Denyo မှမီးစက်များ၊ Supreme Group မှ ရေသန့်စက်များ၊ Han Sein Thant မှ Pump များ၊ Ever Seiko မှ ရေချိုးခန်းသုံး Stibel Eltron အမှတ်တံဆိပ် အဆင့်မြင့်ရေပူ၊ ရေအေးစက်များ၊ Midea အမှတ်တံဆိပ် Induction Cooker များ၊ Three Friends Trading မှ အဆင့်မြင့်နောက်ဆုံးပေါ် ခြင်ဖမ်းစက်များ၊ THE ONE & CLEAN Co.,Ltd. မှ Korea နည်းပညာဖြင့်ထုတ်လုပ်သော PE Tank များ၊ Top Fiber Glass မှ အဆင့်မြင့် ရေတိုင်ကီ၊ ထိုင်ခုံ၊ အမှိုက်ပုံးများ၊ GSR Stainless Steel မှ Stainless Steel သုံး ခေတ်မီအဆင့်မြင့် ဒီဇိုင်းဆန်းပစ္စည်းများ၊ Hard Ware World၊ ALWAYS Hardware Mart မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ Myanmar A-hla အလှကမ္ဘာမှ Digital Camera များ၊ SP Group မှ Air Pure တံဆိပ်အဆင့်မြင့် Automatic Air Fresher များ၊Amtt မှ ဆေးခန်းနှင့် ဆေးရုံသုံးပစ္စည်းများ၊ Phu Pwint မှ Coach Wallet များ၊ Fujiki ရေသန့်စက်နှင့် Battery များ၊ Cosmetics များ၊YHL (Fujiko) မှ ဖိနပ်များ၊ Show ၊ Boon၊ Moon Fancy မှ Fancy ပစ္စည်းနှင့် ဖုန်းကီးချိန်းများ၊ Rainbow မှ စတေကာများ၊ Lulay မှ ဂက်စ်မီးဖိုများကို ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် Spanky Music Production MD မျိုးမျိုး(G.R)နှင့် တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် IEMS Company အနေဖြင့် နေ့စဉ်အိမ်သုံး မီးစက်တစ်လုံး ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ပြီး ပြပွဲကို ဖေဖော်ဝါရီ ၈ရက်ထိ နေ့စဉ် နံနက် ၉နာရီ မှ ၆နာရီအထိ ခင်းကျင်းပြသမည် ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံပြပွဲခင်းကျင်း ကုန်ပစ္စည်းများ စျေးနှုန်းချိုသာစွာ တိုက်ရိုက် ဝယ်ယူသုံးစွဲနိုင်

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာဖွဲ့စည်းမှု- ခင်သန္တာသိန်း (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးနှင့် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်ရှိရေးဆိုသည့် ဦးတည်ချက် (၂)ရပ်ပါဝင်သည်။ ယင်းဦးတည်ချက်များကို ပီပြင်စွာ သရုပ်ဖော်စေသည့် ကုန်စည်ပြပွဲများကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မကြာခဏ ကျင်းပလျက်ရှိသည်။



မြက်ခင်း၊ သစ်ပင်၊ ရေတံခွန်များဖြင့် အမြင်ကြည်နူးဖွယ် အလှဆင်ထားသည်ကိုလည်း ဤသို့ တွေ့မြင်နိုင်သည်။ (မြန်မာ့အလင်း)

ယခုလည်း အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀ (HOUSING & BUILDING -2010) ကို ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်**(ယနေ့)**အထိ နံနက် ၉နာရီမှ ညနေ ၆နာရီအထိ တပ်မတော်ခန်းမ၌ ပြသထားသဖြင့် သွားရောက်လေ့လာကြည့်ရှုခဲ့သည်။ အိမ်ရာအဆောက်အအုံပြပွဲ၏ ရည်ရွယ်ချက်ကို တာဝန်ရှိသူတစ်ဦးက ရှင်းပြရာ "လုပ်ငန်းရှင်များက မိမိတို့၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် အများပြည်သူအား တိုက်ရိုက်ထိတွေ့ကြော်ငြာနိုင်ခြင်း၊ ကုန်ပစ္စည်း အရည်အသွေး အားနည်းချက်၊ အားသာချက်ကို လျင်မြန်စွာ သိရှိနိုင်၍ ပိုမိုဆန်းသစ်သော ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်စေခြင်း၊ သုံးစွဲသူများအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်သော နည်းပညာနှင့် ဝန်ဆောင်မှုများကို ပိုမိုသိရှိစေရန်နှင့် စျေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်စေခြင်း" စသည်တို့သည် ပြပွဲကျင်းပရခြင်း အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

IEMS ကုမ္ပဏီမှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး အိမ်ရာအဆောက်အအုံနှင့် သက်ဆိုင်သည့် ကုမ္ပဏီပေါင်း ၇၃ ခုမှ ပြခန်းပေါင်း ၁၆၃ခန်းဖြင့် ပြသထားသည်။ အိမ်ရာအဆောက်အအုံဆိုင်ရာ အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းသုံး ခေတ်မီအီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုး ပြသထားသည်ကို တွေ့ရသည်။ ထူးခြားသည့် မြင်ကွင်းပြခန်းတစ်ခုမှာ မြက်ခင်းများခင်းထားပြီး သစ်ပင်ပန်းပင်များ အလှဆင်ထားကာ ရေတံခွန်သဖွယ် ပြုလုပ်ထားခြင်းဖြစ်သည်။ T&Y Group ၏ ပြခန်းတာဝန်ခံက နေအိမ်အဆောက်အအုံများကို လှပခမ်းနားထည်ဝါစွာ အလှဆင်ပေးရန် မြန်မာအင်ဂျင်နီယာများက ဆန်းပြားသောဒီဇိုင်းများဖြင့် အိမ်တိုင်ရာရောက် အလှဆင်ပေးလျက်ရှိကြောင်း ပြောကြားသည်။ INAX ကော်ပိုရေးရှင်း ပြခန်း၌ အိမ်တွင်းသုံးရေချိုးခန်း၊ သန့်စင်ခန်းသုံး ဆိုင်ရာပစ္စည်းများကို အထူးစျေးနှုန်းများ လျှော့ချကာ ရောင်းချပေးလျက်ရှိကြောင်း တွေ့မြင်ရသည်။ AMCC ကုမ္ပဏီကလည်း ပြည်တွင်းဖြစ် မီးအာမခံ သေတ္တာများကို နိုင်ငံခြားစံချိန်မီ ထုတ်လုပ်ကာ ခေတ်အမီဆုံး၊ လုံခြုံစိတ်ချရဆုံး အာမခံသော့များဖြင့် တပ်ဆင်ထားကြောင်း ကုမ္ပဏီဒါရိုက်တာ ဦးမောင်မောင်ဆန်းဦးက ရှင်းပြသည်။ နာရီပေါင်း ၈၀၀၀ကြာ ထွန်းညှိနိုင်ပြီး ဓာတ်အားမစားသည့် ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ထားသော လျှပ်စစ်မီးသီးခွေများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသည်ကိုလည်း မြင်တွေ့ရသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် တီထွင်ထုတ်လုပ်ထားသော သံလိုက်မီးဖို အရောင်းပြခန်းမှာလည်း အိမ်ရာအဆောက်အအုံပြပွဲလာ ပရိသတ်များ စိတ်ဝင်တစား ကြည့်ရှုနေသည်ကိုတွေ့ရသည်။ အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀ပြပွဲလာ ပြည်သူများအား Spanky Music Production M.D မျိုးမျိုး(G.R)နှင့် တေးသံရှင်များက တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ပေးသည့်အပြင် ပြပွဲလာပြည်သူများအား ကံစမ်းမဲတစ်စောင်စီပေးကာ နေ့စဉ်အိမ်သုံး မီးစက်တစ်လုံး ကံစမ်းမဲဖွင့်လှစ်ပေးခြင်းကလည်း ပြပွဲ၏ ထူးခြားမှုတစ်ခုဖြစ်သည်။ အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀ သည် ခေတ်မီဆန်းပြား တိုးတက်သောနည်းပညာ၊ ဒီဇိုင်းတို့ဖြင့် အိမ်ရာအဆောက်အအုံနှင့် အိမ်ရာအဆောက်အအုံဆိုင်ရာ အိမ်တွင်းပစ္စည်းမျိုးစုံ ခင်းကျင်းပြသထားသည်ဖြစ်ရာ ပြည်သူတိုင်း လေ့လာသင့်သော၊ စျေးနှုန်းချိုသာစွာဖြင့် လုပ်ငန်းရှင်များထံမှ တိုက်ရိုက်ဝယ်ယူနိုင်သော အခွင့်အရေး တစ်ရပ်ဖြစ်ပါကြောင်း သတင်းမြင်ကွင်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နာရီ ၈၀၀၀ကြာ ထွန်းညှိနိုင်ပြီး တစ်နှစ်အာမခံပေးထားသော ဓာတ်အားမစားသည့် နောက်ဆုံးပေါ် ဖန်ချောင်းခွေမီးလုံးပြခန်း၌ ဝယ်ယူလေ့လာသူများဖြင့် ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၆)ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၆)၌ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီပေးပွဲမြင်ကွင်းသတင်းဓာတ်ပုံများနှင့် အနုပညာရှင်တို့၏ အမှတ်တရစကား ရောင်စုံအထူးအချပ်ပိုနှင့်အတူ သီလဝါဆိပ်ကမ်းတွင် စက်သုံးဆီဆိပ်ခံတံတားတည်ဆောက်ခွင့်နှင့် မြန်မာတစ်နိုင်ငံလုံးမှ စက်သုံးဆီအရောင်းဆိုင် ၂၄၆ ဆိုင်ကို ပြည်တွင်းလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်ရတော့မည်၊ အလုံသင်္ဘောကျင်းအား ပုဂ္ဂလိကသို့ လွှဲပြောင်းပေးမည်၊ သီရိမင်္ဂလာဈေး ပြောင်းရွှေ့ရန်အစီအစဉ်မရှိသေး၊ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်း၊ မီတာ အသုံးမပြုသည့်တက္ကစီယာဉ်များတွေ့ပါက ယာဉ်မောင်းလိုင်စင်တစ်လပိတ်သိမ်းမည်၊ တရားမဝင်မှောင်ခိုပစ္စည်းတင်ပို့ခြင်းနှင့် တင်သွင်းခြင်းကို အချိန်နေရာမရွေး အရေးယူနိုင်ရန် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်နေစသည့် ပြည်တွင်းရေးရာသတင်းများ၊ မောင်တောမြို့နယ် ဥဒေါင်းဓာတ်တော်မှ တွေ့ရှိခဲ့သော ဝေသာလီခေတ် ကြေးနီခေါင်းလောင်းငယ်နှင့် ဆီမီးခွက် Myanmar DISCOVERY ၊ ကာဋ္ဌဒါယီ၏ ပန်ကြားလွှာ၊ တစ်ဖက်သားကိုယ့်ဘက်ပါအောင် ဆွဲဆောင်နည်းကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

စျေးနှုန်းပြောင်းလဲမှုမရှိ

ငြိမ်းချမ်းရေးရှိဖို့လိုပြီ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အရေးယူပိတ်ဆို့မှုသည် ယနေ့ခေတ်နှင့် အံမဝင်တော့ပြီလော၊ စင်ကာပူတွင် ငါးနှစ်အတွင်း နိုင်ငံခြား Avatar ရုပ်ရှင်ထဲမှ မိုးထိတောင် အပြင်လောကတွင် အမှန်တကယ်ရှိစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယခုအပတ် ဖလားဝါးနယူးစ်ဂျာနယ်ကို အကယ်ဒမီရောင်စုံစာမျက်နှာများဖြင့် ပုံနှိပ်ဖြန့်ချိထားသော်လည်း စျေးနှုန်းပြောင်းလဲမှုမရှိကြောင်း သိရသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၉ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၈ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့်သာယာမည်။

မျှော်စင်ကျွန်း 547 Trading စျေးပွဲတော်တွင် စီးပွားရေးလုပ်ငန်းသုံး Sanyo Solar Energy ပြခန်းဖွင့်လှစ်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့ ကန်တော်ကြီးမျှော်စင်ကျွန်း၌ ဖေဖော်ဝါရီ ၁၀ရက်မှ ၁၄ရက်အထိ ကျင်းပမည့် 547 အထူးစျေးရောင်းပွဲတော်တွင် OK Myanmar Co.,Ltd. က နေရောင်ခြည်စွမ်းအင်ပြခန်း ဖွင့်လှစ်ပြသမည်ဖြစ်သည်။ ပြသမည့် Solar Energy မှာ နိုင်ငံတကာတွင် ကျယ်ပြန့်စွာ လက်ခံသုံးစွဲလျက်ရှိသည့် Sanyo အမျိုးအစားဖြစ်ပြီး မူရင်းဂျပန်နိုင်ငံ Sanyo စက်ရုံများမှ တိုက်ရိုက်ထုတ်လုပ်သည့် အရည်အသွေး အာမခံချက်အပြည့်ရှိသည့် Solar ပြားများကို အသုံးပြု၍ လုပ်ငန်းများ လက်ခံဆောင်ရွက်ပေးရန် စီစဉ်ထားသည်။

OK Myanmar Co.,Ltd. ကုမ္ပဏီအနေဖြင့် Solar စွမ်းအင်ကို အိမ်သုံးလျှပ်စစ်မီးအဖြစ် သုံးစွဲခြင်းအဆင့်မှ ကျော်လွန်၍ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်များ၊ ဆေးရုံဆေးခန်းများ၊ စိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍတွင် ရေတင်ခြင်း၊ ရေပေးသွင်းခြင်းလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ရောင်းချပေးမည်

ထို့အပြင် ကုမ္ပဏီအနေဖြင့် အဆိုပါ စျေးပွဲတော်တွင် ကုမ္ပဏီမှ တင်သွင်းဖြန့်ဖြူးနေသည့် Sanyo၊Daewoo၊ HQ အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းများကိုလည်း ပွဲတော်ရက်အတွင်း အထူးသက်သာသည့် စျေးနှုန်းဖြင့် ရောင်းချပေးခြင်း၊ လက်ဆောင်ပစ္စည်းများနှင့် 547 ကံစမ်းမဲလက်မှတ်များပေးခြင်း၊ သတ်မှတ်ထားသည့် ရေခဲသေတ္တာများကို အဟောင်း၊ အသစ်လဲလှယ်ရောင်းချပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် အထူးငွေပေးချေသည့် အစီအစဉ်ဖြင့် ညှိနှိုင်းရောင်းချပေးခြင်း အိမ်တိုင်ရာရောက်ပို့ဆောင်ပေးခြင်း စသည့် ဝန်ဆောင်မှုအစီအစဉ်များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရမ်းဗြဲမြို့နယ် ခွဆုံကျေးရွာ၌ ကျေးလက်တံတားတည်ဆောက်ဖွင့်လှစ်

ရမ်းဗြဲ ဇန်နဝါရီ ၃၁

ရမ်းဗြဲမြို့နယ် ခွဆုံကျေးရွာအုပ်စု ခွဆုံကျေးရွာတံတားဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါတံတားရှေ့ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတာဝန်ခံ ဦးသန်းမောင်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

အမျိုးအစား

အဆိုပါတံတားမှာ အလျားပေ ၃၀၊ အနံ ကိုးပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်ကျောက်တိုင်အမျိုးအစားဖြစ်ပြီး ကြမ်းခင်းမှာ ပျဉ်းကတိုးသစ်ဖြစ်သည်။ **(၁၇၄)**

မြန်အောင်မြို့နယ် သပြေကုန်းအုပ်စု သပြေကုန်းကျေးရွာ ပညာရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် စာကြည့်တိုက်ကော်မတီ ဒုတိယဥက္ကဋ္ဌဦးလှမိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အခြေခံတိုင်းရင်းဆေး ဆင့်ပွားသင်တန်းဖွင့်

ယင်းမာပင် ဖေဖော်ဝါရီ ၂

မုံရွာခရိုင် ယင်းမာပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အခြေခံတိုင်းရင်းဆေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်စန်းက အမှာစကား ပြောကြားသည်။

ပို့ချသင်ကြား

ထို့နောက် မြို့နယ်တိုင်းရင်းဆေး ဝန်ထမ်းများက မီးဖိုချောင်သုံးပစ္စည်းများ အသုံးပြုပြီး တိုင်းရင်းဆေးအဖြစ်အသုံးဝင်ပုံများကို ဆွေးနွေးပို့ချသင်ကြားပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး တာမွေ ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၇

တာမွေမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးဦးဆောင်သောအဖွဲ့ ဇန်နဝါရီ ၁၄ ရက်က မလွကုန်းငွေးကြွယ်ရပ်ကွက် ငွေးကြွယ်စာကြည့်တိုက်တွင် စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

အခမ်းအနားတွင် ရပ်ကွက်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းဦးက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံညီညွတ်ရေး ဆွေးနွေးကြသည်။

လက်ခံရယူ

ထို့နောက် မြို့နယ် ဦးစီးမှူးက စာအုပ်စာစောင်များလှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ ၊တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် (၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

စာရင်းပေးနိုင်

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ အသင်းသားများ၊ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများ ဂုဏ်ပြုချီးမြှင့်ခံရသူများနှင့် တက္ကသိုလ်ပါရဂူဘွဲ့ရသူများသည် ဖေဖော်ဝါရီ ၁၅ ရက်နောက်ဆုံးထား၍ ဦးစိုးညွန့်(ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ)ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) (အတွင်း ရေးမှူး) ဖုန်း-၃၉၈၂၀၀၊ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း- ၅၄၇၄၅၅၊ဦးကြိုင်မြင့် (ပြန်ကြားရေးမှူး) ဖုန်း-၀၉-၈၇၀၂၂၆၄နှင့် ဒေါ်ဥ(အမှုဆောင်) ဖုန်း- ၀၉-၈၀၃၃၉၁၅တို့သို့ ဆက်သွယ်စာရင်းပေးကြရန်ဖြစ်သည်။

လက်ရှိစာရင်းအရ အပူဇော်ခံပုဂ္ဂိုလ် ၇၃ ဦးရှိ၍ ယင်းတို့အတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် အသင်းသူအသင်းသားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ ***(မြန်မာ့အလင်း)***

ခရီးသွားလုပ်ငန်း အလှူငွေပေးအပ်ပွဲ ညောင်ဦးမြို့နယ်၌ ကျင်းပ

ညောင်ဦး ဖေဖော်ဝါရီ ၅

ရွှေလေတံခွန် ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်၏ Balloons Over Bagan (ပုဂံဒေသသို့ လာရောက်သော နိုင်ငံခြားသားခရီးသည်များအား မီးပုံးပျံဖြင့် ဒေသရှုခင်း လှည့်လည်ပြသသည့်လုပ်ငန်း) တည်ထောင်မှု (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒေသတွင်းရှိ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၀နာရီက ညောင်ဦးမြို့ရှိ သံတဲဟိုတယ်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားတွင် ရွှေလေတံခွန်ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါက်တာဦးဝင်းမောင်ကလည်းကောင်း၊ အထွေထွေမန်နေဂျာ Mr. Brett Melzer ကလည်းကောင်းသက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး စုစုပေါင်း အလှူငွေကျပ် ၆၆သိန်းကို ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ခင်ဥမ္မာဝင်းနှင့် အထွေထွေမန်နေဂျာ Mr. Brett Melzer တို့က ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဝက်သက်ရောဂါ အသိပညာပေးဟောပြော

မန်စီ ဖေဖော်ဝါရီ ၃

ဝက်သက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အသိပညာပေးဟောပြောခြင်း အခမ်းအနားကို မန်စီမြို့ ပြည်သူ့ဆေးရုံ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀နာရီက ကျင်းပရာ လက်ထောက်ကျန်းမာရေးမှူး ဒေါက်တာသီသီခိုင်က ဝက်သက်ရောဂါအကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများကို ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကသာမြို့နယ်၌ ဟောပြောဆွေးနွေး

ကသာ ဇန်နဝါရီ ၃၀

ကသာခရိုင် ကသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သိန်းလွင်နှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဇန်နဝါရီ ၂၅ရက်က မြေနုကျေးရွာ၊ ဟဲနားကျေးရွာနှင့် ကျွန်းပင်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရာ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ စာအုပ်စာစောင်များ တိုးပွားရရှိရေးနှင့် ကျေးရွာနေပြည်သူများ စာဖတ်သည့်အလေ့အကျင့်ရရှိအောင် စည်းရုံးဆောင်ရွက်ရေးတို့ကို ဟောပြောသည်။

ဆွေးနွေးပြောကြား

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သီးခြားစာကြည့်တိုက် အဆောက်အအုံ ဖြစ်ပေါ်လာရေးတို့ကို ဆွေးနွေးပြောကြားကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဆုချီးမြှင့်

ဇန်နဝါရီ ၃၁ရက်က ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ဘက်စုံနှင့် စာပေထူးချွန်ဆုချီးမြှင့်ပွဲတွင် ပထမတန်း စာပေထူးချွန်ဆုရ မောင်စျာန်ရဲနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းယဉ်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဇန်နဝါရီ ၂၃ရက်က သာပေါင်းမြို့ သီရိရွှေသာဈေး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးလွင်နှင့်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုလုပ်ငန်းကို သရုပ်ပြဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာလမ်းသစ်

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော သခင်လှမြိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်သန်းသန်းဆင့်နှင့် အမှုဆောင်အရာရှိ ဦးစောရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဖောက်ချောင်းရွာ စာကြည့်တိုက် ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ရေနံချောင်း ဖေဖော်ဝါရီ ၇

ရေနံချောင်းမြို့နယ် ညောင်ဖောက်ချောင်းကျေးရွာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ ကျေးရွာပြည်သူများနှင့် အလှူရှင်များထည့်ဝင်ငွေဖြင့် စာကြည့်တိုက်ဆောက်လုပ်လျက်ရှိရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်နှင့်ဝန်ထမ်းများ ဇန်နဝါရီ ၂၄ရက်က အဆိုပါစာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်သည် စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီတို့နှင့်တွေ့ဆုံ၍ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်မြောက်ရေး ၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ အထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ဖွင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ၌ ကျင်းပသည့် ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၅ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ် ချုပ် ကြီးတင်အေး ထုံးကြီးစံပြကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခန်းမအတွင်း ခင်းကျင်းပြသ ထားသည့်ကျောင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံ များနှင့် သင်ထောက်ကူပစ္စည်း များကို ကြည့်ရှု အားပေးစဉ်။(သတင်းစဉ်)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

❑ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

❑ သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ်(Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

❑ မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ
သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ
သတင်းစာကိုယ်စားလှယ်များထံသို့
တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့်
အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

မြန်မာ့အလင်း
(၆၃) နှစ်မြောက်
ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❖ ပြည်ထောင်စုသား အားလုံး၏ အမျိုးသားရေးတာဝန်
ရွှေအိမ်စည်၏ ဆောင်းပါး စာ-၈၊ ၉

❖ လိုအပ်ချက် ရဲထက်၏ ကာတွန်း စာ-၉

❖ တောင်ဇလပ်ပန်းတို့အလယ် ဖွံ့ဖြိုးမှုအသွယ်သွယ်ဖြင့် တိုးတက်စည်ပင်နေသော ချင်းပြည်နယ်
တင်ဝင်းလေး(ကြည့်မြင်တိုင်)၏ သတင်းဆောင်းပါး စာ-၆၊ ၇

❖ စည်းလုံးခြင်းသည်သာ
ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ ကဗျာ စာ-၉

❖ ပြည်ထောင်စုနေ့ မြတ်မော်ကွန်း
မြင့်မိုရ်ဦး(ပဲခူး)၏ ကဗျာ စာ-၉